ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (10-4-2007) (၅၂၈၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ထိုကော်ကိုးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ဒေသဖွံ့ဖြိုးရေးအဆောက်အအုံများတည်ဆောက်ရာတွင် အပိုင်းလိုက်စနစ်တကျဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဧပြီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် ဧပြီ ၈ရက်တွင် ဘားအံမြို့သို့ ရောက်ရှိပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူး(၉)အဖွဲ့က ဆောင်ရွက်နေသော ကော့ကရိတ်မြို့နယ် နဘူး–ထိုကော်ကိုးကားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ ကော့ကရိတ်–နဘူးကားလမ်းရှိ တံတားများပြုပြင်မှုလုပ်ငန်းနှင့် နဘူး–ထိုကော်ကိုးကားလမ်းကတ္တရာခင်းခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းမီ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နဘူး–ထိုကော်ကိုးကားလမ်းရှိ တည်ဆောက်ပြီး ဒဝယ်ဒါတံတားသို့

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ထိုကော်ကိုး ကျောင်းသား၊ ကျောင်းသူများ နွေရာသီအခြေခံ ဗုဒ္ဓဘာသာသင်တန်း တက်ရောက်မှုကို ကြည့်ရှုအားပေးပြီး စာအုပ်များ အမှတ်တရ ပေးအပ်စဉ်။(နယ်စပ်/စည်ပင်)

ရေအားလျှပ်စစ်စီမံကိန်းများအတွက် သဘာဝပိုဇိုလန် စက်ရုံတစ်ရုံ ထပ်မံတိုးချဲ့တည်ဆောက်ရေး ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုး

ပုပ္ပားရှိ သဘာဝပိုဇိုလန်စက်ရုံ၌ တစ်ရက် တန် ၅၀၀ ကျ စက်ရုံတိုးချဲ့တည်ဆောက်ရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်စဉ်နှင့် နှစ်ဖက်သဘောတူညီချက် ကန်ထရိုက်စာချုပ်ကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် Jiangsu Pengfei Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Wang Jia An တို့ လက်မှတ်ရေးထိုးကြစဉ်။ (အမှတ်–၁၊ လျှပ်စစ်)

နေပြည်တော် ဧပြီ ၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co., Ltd. တို့ ပုပ္ပားရှိ သဘာဝပိုဇိုလန်စက်ရုံ(ပုပ္ပား)၌ တစ်ရက်လျှင် တန် ၅၀၀ကျ စက်ရုံတိုးချဲ့ တည်ဆောက်ရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကို ဧပြီ ၆ရက် ညနေ ၅နာရီခွဲတွင် နေပြည်တော်ရှိ Royal Kumudra Hotel ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Wang Jia An နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၀-၄-၂၀၀၇
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူများ ရောဂါဘယကင်းဝေး သက်ရှည်ကျန်းမာရေး အရှိန်အဟုန်မြှင့် လက်တွဲပူးပေါင်းဆောင်ရွက်

မျက်မှောက်ကမ္ဘာတွင် တီဘီရောဂါ၊ ငှက်ဖျားရောဂါများ ပြန်လည်ဖြစ်ပွားလျက်ရှိသကဲ့သို့ AIDS ရောဂါ၊ SARS ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါစသည့် ရောဂါသစ်များလည်း ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါ ရောဂါများအပြင် ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် လေမုန်တိုင်း တိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့်လည်း လူသားများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းက လူသားများ ကြုံတွေ့နေရသည့် ကျန်းမာရေးပြဿနာများ၊ ရောဂါများကို ဖြေရှင်းရာတွင် အမျိုးသားရေး စွမ်းအားစုများကို အစွမ်းကုန်အသုံးချ ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန် အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ အဆင့်မြင့် ဆေးရုံသစ်ကြီးများ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေးဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ခြင်း အပါအဝင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံး ပစ္စည်းကိရိယာများကို စီမံဖြည့်ဆည်းပေးထားပြီဖြစ်သည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်က ဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်၍ ကျောင်းသူ၊ ကျောင်းသားများအား သင်ကြားပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ထို့အပြင် HIV/AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါစသည့် ရောဂါဆိုးကြီးများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်လျက်ရှိသည်။ ယင်းသို့ တိုက်ဖျက်ရာတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီဖြင့် ကျန်းမာရေး အသိပညာပေးမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိသကဲ့သို့ ရောဂါဆိုးများ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့များအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်သူများ ရောဂါဘယ ကင်းဝေးပြီး သက်တမ်းစေ့ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တစ်နေ့တခြား တိုးတက်မြင့်မားလျက် ရှိနေပြီဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အိုလံပစ်တာဝါ K.B International Co.,Ltd. မှ ငွေကျပ် ၃၃၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင် ဆရာတော်(ပြည်တော်သာ) အရှင်စန္ဒန(ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပျဉ်းမနားခရိုင် ၂၀၀၇ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနား ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်

နေပြည်တော် ဧပြီ ၉

မန္တလေးတိုင်း ပျဉ်းမနားခရိုင် ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပျဉ်းမနားခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာအေးကိုကိုက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ သမားတော်ကြီး ဒေါက်တာမျိုးမြင့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်မြို့ ဖားအောက်တောရရိပ်သာတွင် တည်ဆောက်လျက်ရှိသော ဇနပဒကလျာဏီ အမျိုးသမီးယောဂီ အဆောင်သစ် အတွက် သန်လျင်မြို့နေ သီရိသုဓမ္မသိင်္ဂီ ဆရာမကြီး ဒေါ်အေးအေးခန့်၊ သားမောင်အောင်နိုင်ဦး၊ မောင်မင်းမင်း၊ သမီး မအေးမြခိုင် မိသားစုတို့က ငွေကျပ်သိန်း ၃၀ ကို မတ် ၂၅ ရက်က ပေးအပ်လှူဒါန်းရာ ရိပ်သာသာသနာ့ဂုဟာအဖွဲ့ အတွင်းရေးမှူး ဦးအောင်တင် လက်ခံရယူစဉ်။ (၅၂၇)

အရှင်နန္ဒောဘာသာဘိဝံသ တရားပွဲ

ရန်ကုန် ဧပြီ ၉

နိုင်ငံတော် (၁၁)ဘွဲ့ရ အရှင်နန္ဒောဘာသာဘိဝံသ အရှင်မြတ်သည် ဧပြီ ၉ ရက်တွင် ခရမ်းမြို့၊ ဧပြီ ၁၀ ရက်တွင် လှိုင်၊ ၁၆ ရက်တွင် မလွန်ဆန်လှူ ရန်ကုန်၊ ဧပြီ ၁၁ ရက်တွင် ပြာသာဒ်ကျောင်း ရှင်တစ်ရာပြုပွဲ မင်္ဂလာဒုံ၊ ဧပြီ ၁၃ ရက်တွင် ရှင်ပြုအလှူ ကျိုက်ထိုမြို့၊ ဧပြီ ၁၉ ရက်တွင် ညောင်ခြေထောက်ရွာ တောင်ငူမြို့နယ်၊ ဧပြီ ၂၁ ရက်တွင် ကျိုက်ထီးရိုး ရင်ပြင်တော်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်လိုသူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅) ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ ၁၈၁ နှင့် ၀၉၅၃၂၂၅၇ တို့သို့ ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော် ချီးကျူးပူဇော်မည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းတောင်ပိုင်း (၅)ရပ်ကွက် (သဗ္ဗညုပုထိုးတော်ကြီး အနောက်ဘက်) ဇောတိကာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုတာလင်္ကာရအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်သဖြင့် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် (ဧပြီ ၂၈ ရက်) မွန်းလွဲ ၁ နာရီတွင် အဆိုပါစာသင်တိုက် ဝိသုံဂါမ သိမ်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းပူဇော်လိုသူများ ပူဇော်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုး ဖုန်း-၀၉-၅၁၇ ၂၄၃၉၊ အတွင်းရေးမှူး ဦးတင်သန်း ဖုန်း-၀၉-၅၁-၂၂၁၆၃ နှင့် ဘဏ္ဍာရေးမှူး ဦးခင်စိုး ဖုန်း-၆၆၆၃၇၀တို့ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ခင်ပွန်း ဦးမျိုးညွန့်၊ သား ကိုရဲလွင်၊ ကိုရဲထွင့်တို့အား ရည်စူး၍ ကောလင်းမြို့ သန့်ဇင်ဝင်း ဆေးပေါ့လိပ်ခုံပိုင်ရှင် ဒေါ်သန်းရီမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ၁၀ သိန်းကို ရွှေစင်တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သီတဂူကြယ်တစ်ပွင့်ဆရာတော် တရားပွဲ

ရန်ကုန် ဧပြီ ၉

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဧပြီ ၂၂ ရက်၊ ၂၃ ရက်ညများ ဆူးဝင်းရွာ ရှင်ပြု မြိုင်မြို့နယ်၊ ၂၄ ရက်ည ညောင်ပင်ရွာ ရှင်ပြု မြင်းခြံမြို့၊ ၂၅ ရက်ည အောက်ကင်းအလယ် မတ္တရာမြို့၊ ၂၆ ရက်ည နှစ်(၆၀)ပြည့် အထိမ်းအမှတ် ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် ဗဟန်း ရန်ကုန်၊ ၂၇ ရက်၊ ၂၈ ရက်ညများ၌ သုံးပင်တောင်ရပ်ရှင်ပြု ဆင်ဖြူကျွန်းမြို့၊ ၂၉ ရက်ည ရွှေဂူနီဘုရား ကျောက်ကာ မုံရွာ၊ ၃၀ ရက်ည ဇလပ်ဝါ ဘီစကစ်မိသားစု ရှင်တစ်ထောင်ပြုပွဲ ရွာရှည်ရွာ မြင်းခြံမြို့ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သဒ္ဓမ္မပါလ ဓနဖြူတိုက်သစ်ကျောင်း ဝိပဿနာတရားစခန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၉

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနဖြူ တိုက်သစ်ကျောင်း၌ (၂၆) ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၂ ရက်မှ ဧပြီ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာ စရိယ အရှင်သာသန (သာသနဓဇဓမ္မာစရိယ) က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြား ပြသမည်ဖြစ်သည်။

ယောဂီဦးရေ ကန့်သတ်ထားပါသဖြင့် တရားစခန်း ဝင်ရောက်ရန် စာရင်းပေးထားသော ယောဂီများသာ လက်ခံမည်ဖြစ်သည်။ စာရင်းပေးထားသော ယောဂီများ ဧပြီ ၁၁ ရက်ညနေ ၆ နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် နှစ်(၂၀)ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဦးသန်းမြင့်-ဒေါ်သီတာချိုပြုံး၊ သမီး မလဲ့ရွှေရည်မြင့်၊ သားမောင်ထင်ကိုမြင့်မိသားစု (လင်းလွန်းလမ်း စမ်းချောင်းမြို့နယ်)က ငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သင်္ကြန်ကာလ

ကထိက ရဟန်း

သင်္ကြန်ဟူသော စကားသည် သင်္ကြာန္တ (သံကရာန္တ)ဟူသော သက္ကတဘာသာ ဝေါဟာရကို မြန်မာမှုပြုထားသော စကားဖြစ်သည်။ ပြောင်းရွှေ့ခြင်းဟု အဓိပ္ပာယ်ရ၏။ ပါဠိဝေါဟာရမှာ သင်္ကန္တဖြစ်၏။ ထို့ကြောင့် ရွှေ့ပြောင်းခြင်း သင်္ကြန်သည် နှစ်သင်္ကြန်၊ လသင်္ကြန်၊ ရက်သင်္ကြန်၊ နေ့သင်္ကြန်၊ ညဥ့်သင်္ကြန်၊ နာရီသင်္ကြန်၊ မိနစ်သင်္ကြန်၊ စက္ကန့်သင်္ကြန်၊ ရုပ်သင်္ကြန်၊ နာမ်သင်္ကြန်ဟူ၍ များစွာရှိ၏။ ထိုသင်္ကြန်တို့တွင် နှစ်သင်္ကြန် ဆိုသည်မှာ တစ်နှစ်မှတစ်နှစ်သို့၊ တစ်နည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်သည်။ လသင်္ကြန်ဆိုသည်မှာ တစ်လမှတစ်လသို့၊ တစ်နည်း လဟောင်းမှ လသစ်သို့ ကူးပြောင်းခြင်းဖြစ်၏။ တစ်ရက်မှ တစ်ရက်သို့ ကူးပြောင်းခြင်း၊ ညဥ့်မှနေ့သို့ ကူးပြောင်းခြင်း၊ နေ့မှညဥ့်သို့ ကူးပြောင်းခြင်း စသည်တို့ကိုလည်းသိအပ်၏။

ထိုသင်္ကြန်အမျိုးမျိုးတို့တွင် ရုပ်ဟောင်းပျက်၍ ရုပ်သစ်သို့ ကူးပြောင်းသည့် ရုပ်သင်္ကြန်သည် **"ပန်းရိုးရှည်ခက်၊ ရုပ်ပေါင်းပျက်၊ ကျော်တက် ကုဋေပေါင်း"**ဆိုသည်နှင့်အညီ လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ် အချိန်ကာလအတွင်းမှာ ကုဋေပေါင်း ၅၈၈၂ ကုဋေကျော် ကူးပြောင်းလျက် ရှိသည်။ နာမ်သင်္ကြန်သည် ထိုရုပ်သင်္ကြန်ထက် ပို၍ လျင်မြန်၏။ မျက်စိတစ်မှိတ်၊ လက်ဖျစ်တစ်တွက် ကာလအတွင်းမှာ ကုဋေပေါင်း တစ်သိန်းကျော် ကူးပြောင်းလျက်ရှိ၏။ နာမ်သင်္ကြန် ၁၇ကြိမ်ကျပြီးမှ ရုပ်သင်္ကြန် တစ်ကြိမ်ကျသည်။ ရုပ်သင်္ကြန် အကြိမ်များစွာ ကျပြီးမှ စက္ကန့်သင်္ကြန် တစ်ကြိမ်ကျသည်။ စက္ကန့်သင်္ကြန် အကြိမ် ၆၀ ကျပြီးမှ မိနစ်သင်္ကြန် တစ်ကြိမ်ကျသည်။ မိနစ်သင်္ကြန် အကြိမ် ၆၀ ကျပြီးမှ နာရီသင်္ကြန် တစ်ကြိမ်ကျသည်။ ဤသို့ စသည်ဖြင့် သိအပ်၏။

မြန်မာသက္ကရာဇ်

ယခုနှစ် ကျင်းပမည့် သင်္ကြန်ပွဲသည် သက္ကရာဇ် ၁၃၆၈ခုနှစ်မှ သက္ကရာဇ် ၁၃၆၉ ခုနှစ်သို့ ကူးပြောင်းသော နှစ်သင်္ကြန်ဖြစ်သည်။ ထိုနှစ်သင်္ကြန်သည် လွန်ခဲ့သော နှစ်လကျော်က ၂၀၀၆ခုနှစ်မှ ၂၀၀၇ခုနှစ်သို့ ကူးပြောင်းသော နှစ်သင်္ကြန် တစ်ခုကျခဲ့ပြီး ဖြစ်၏။ သူတို့၏ ထိုသင်္ကြန် သက္ကရာဇ်ကို မည်သို့မျှ မပြောလိုသော်လည်း ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ယခု သက္ကရာဇ် ၁၃၆၈ခုနှစ်မှ သက္ကရာဇ် ၁၃၆၉ခုနှစ်သို့ ကူးပြောင်းသော သင်္ကြန်သက္ကရာဇ်သည် ကမ္ဘာကြီးပေါင်း အသင်္ချေအနန္တ ကုန်လွန်၍ ကြာချင်တိုင်းကြာသော်လည်း တစ်ကြိမ်တစ်ခါ တွေ့ရ ကြုံရဖို့ ခဲယဉ်းလှသည့် သာသနာတော်နှင့် ဆက်စပ်လျက်ရှိကြောင်းကိုကား ပြောလိုပါသည်။

ရှင်းဦးအံ့၊ မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓဂေါတမ ပွင့်တော်မူသည်။ မဟာသက္ကရာဇ် ၁၄၈ခုနှစ် ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့၏။ ထို ၁၄၈ခုနှစ်တွင် ၁၄၇ကို ဖြို၍ တစ်-ခုကြွင်း ပြုကာ ရေတွက်ခဲ့သော သက္ကရာဇ်ကို သာသနာသက္ကရာဇ်ဟုခေါ်၏။ မြန်မာတို့၏ ယခုရောက်ဆဲသက္ကရာဇ်သည် ထိုသာသနာသက္ကရာဇ်ပင်ဖြစ်၏။ ချဲ့ဦးအံ့၊ အဇာတသတ်မင်းသည် အရှင်မဟာကဿပနှင့်တိုင်ပင်၍ ထိုဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်စံတော်မူသည့်သက္ကရာဇ် ၁၄၈ခုတွင် ၁၄၇ခုကို ဖြို၍ တစ်-ခုကြွင်းပြုကာ သာသနာသက္ကရာဇ်ကို စတင်စေခဲ့လေသည်။ မြန်မာတို့သည် ထိုသာသနာသက္ကရာဇ်ကိုပင် မိမိတို့၏ သက္ကရာဇ် အဖြစ် လက်ခံအသုံးပြုလာခဲ့ကြရာ ၆၂၄ခုနှစ်သို့ ရောက်သောအခါ သရေခေတ္တရာပြည် သုမုန္ဒြီမင်းက "ဒေါဒေါရသ"ကိန်းအရ ၆၂၂ ကို ဖြို၍ နှစ်-ခုကြွင်းထားခဲ့၏။ ထိုနှစ်-ခုနှစ်မှ စတင်တိုးပွားလာခဲ့ရာ ၅၆၂ခုနှစ်သို့ အရောက်တွင် ပုပ္ပားစောရဟန်းမင်းက "ခဆပဥ္စ" ကိန်းအရ ၅၆၀ကို ဖြို၍ နှစ်-ခုကြွင်းထားခဲ့ပြန်၏။ ထိုသက္ကရာဇ် နှစ်-ခုနှစ်မှ စတင်တိုးပွားလာခဲ့သော သက္ကရာဇ်သည် ယခု မြန်မာတို့အသုံးပြုနေကြသော သက္ကရာဇ်ပင် ဖြစ်၏။ အကယ်၍ ထိုစကားကို သံသယပွားနေပါလျှင် ယခုရောက်ဆဲ မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်တွင် ဖြိုထားသော ဒေါဒေါရသ= ၆၂၂နှင့် ခဆပဥ္စ=၅၆၀ကို ပေါင်းကြည့်ပါက "၂၅၅၀"ဟူသော ယခုရောက်ဆဲ သာသနာသက္ကရာဇ်ကို တွေ့ရမည်ဖြစ်၏။ ထို့ကြောင့် မြန်မာတို့သည် သာသနာသက္ကရာဇ်ကိုပင် မိမိတို့၏သက္ကရာဇ် အဖြစ် သုံးစွဲခဲ့သည့်အဖြစ်ကို သံသယကင်းစွာ မှတ်သားအပ်၏။ ဤသို့လျှင် မြန်မာတို့၏ သက္ကရာဇ် နှစ်ဟောင်းမှ သက္ကရာဇ် နှစ်သစ်သို့ ကူးပြောင်းသော နှစ်သင်္ကြန်သည် သာသနာတော်နှင့် ဆက်စပ်လျက်ရှိနေ၏။

ဤ"မြန်မာတို့က သာသနာသက္ကရာဇ်ကို မြန်မာသက္ကရာဇ်အဖြစ် အသုံးပြုခဲ့သည်" ဟူသော စကားသည် "မြန်မာအစ တကောင်းက" ဟူသော သမိုင်းဆိုင်ရာစကား၏ အထောက်အထားတစ်ရပ်လည်း ဖြစ်နေပေသည်။

သင်္ကြန်တွင်းကာလ

ယခင်က သင်္ကြန်တွင်းကာလသည် အကြိုရက်မှ နှစ်ဆန်း တစ်ရက်နေ့အထိ ငါးရက်ဖြစ်၏။ ယခုနိုင်ငံတော်က သင်္ကြန်အကြို မတိုင်မီ တစ်ရက်မှစ၍ ၁၀ ရက်တိတိကို နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထား၏။ ထိုသင်္ကြန်ကာလ အတွင်း သင်တို့ ဘာလုပ်ကြမည်နည်း၊ ဤမေးခွန်းသည် လာမည့်နှစ်သစ်အတွက် အလွန်အရေးပါသော မေးခွန်းဖြစ်၏။ အပျော်ကြူး၍ မြူးကြ၊ မူးကြမည်လော၊ ဘုရားဖူးရင်း လိပ်ဥတူးကြမည်လော၊ နှစ်သစ်ကို ကုသိုလ်လုပ်ငန်းများဖြင့် ကြိုဆိုကြမည်လော၊ လာမည့်နှစ်သစ်၌ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာမှန်သမျှ ကောင်းမွန်တိုးတက်လိုကြပါသည်ဟု ဆိုလျှင် ဘုရားသွား၊ ကျောင်းတက် ပြုလုပ်ကြကာ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ တရားဓမ္မနာယူ အားထုတ်ခြင်း၊ ဘုရားဖူးခြင်း စသည်ဖြင့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကာ နှစ်သစ်ကို ကြိုဆိုသင့်ကြ၏။ ဘာကြောင့်နည်း၊ ထိုအလိုရှိအပ်၊ တောင့်တအပ်၊ မြတ်နိုးအပ်သော ကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ စီးပွားတိုးတက်ခြင်း၊ ရာထူးတည်မြဲ တိုးတက်ခြင်းစသော လူမှုရေး အဆင်ပြေမှုတို့ကို ဥပုသ်သီတင်း ဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကသာဖြစ်စေနိုင်၊ ပေးစွမ်းနိုင်သောကြောင့် ဖြစ်သည်။

မှန်၏၊ **ကောင်းကျိုးချမ်းသာ မှန်သမျှတို့ကို ကုသိုလ်ခေါ်သော ကောင်းသော အမှုအလုပ်တို့ကသာ ဖြစ်စေနိုင်၊ ပေးနိုင်ကြ၏။ အကုသိုလ်ခေါ် မကောင်းသော အမှုအလုပ်တို့က မဖြစ်စေနိုင်၊ မပေးနိုင်ကြပေ။ လူ့ဘဝ၌ ရရှိခံစားကြရသည့် ချမ်းသာမှန်သမျှကို ကုသိုလ်ကသာ ဖြစ်စေနိုင်၊ ပေးနိုင်ကြ၏။ ထို့အတူ နတ်ချမ်းသာ အဆင့်ဆင့်ကိုလည်း ကုသိုလ်ကပေး၏။ ဗြဟ္မာချမ်းသာအဆင့်ဆင့်ကိုလည်း ကုသိုလ်ကပေး၏။ နိဗ္ဗာန်ချမ်းသာကိုလည်း ကုသိုလ်ကပေး၏။ ကုသိုလ်ခေါ်ကောင်းသော အမှုအလုပ်တို့ကို မပြုမလုပ်ဘဲ ထိုချမ်းသာတို့ကို မရနိုင်ပေ။ ကုသိုလ်မှ လွဲ၍ ထိုဆိုခဲ့ပြီးသော လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို မည်သူကမျှ ပြုလုပ်မပေးနိုင်ပေ။ ကုသိုလ်မပြု မလုပ်ဘဲ ရရှိသော ချမ်းသာဟူ၍ မရှိနိုင်ပေ။**

* **ချမ်းသာမှန်သမျှ၊ ကုသိုလ်က၊ မုချပေးလေသည်။**
ကုသိုလ်ရှောင်ကွင်း၊ ချမ်းသာခြင်း၊ အလျှင်းမရှိပြီ။

အကုသိုလ်အမှုများ

ထိုသို့မဟုတ်ဘဲ မြူးကြ၊ မူးကြမည်ဆိုပါက အသက်တိုခြင်း၊ ထိခိုက်နာကျင်ခြင်း၊ စီးပွားဆုတ်ယုတ်ခြင်း၊ ရာထူးကျခြင်း၊ ဘုန်းတန်ခိုး အရှိန်အဝါ နည်းပါးကျဆင်းခြင်း၊ သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးသို့ လားရောက်ရခြင်းစသော ဆိုးကျိုးတို့ကိုသာ ရရှိခံစားကြရပေလိမ့်မည်။ ဘာကြောင့်နည်း၊ ထိုမြူးကြ၊ မူးကြသော အမှုတို့သည် အကုသိုလ်အမှု၊ မကောင်းသော ဒုစရိုက်အမှုများသာ ဖြစ်သောကြောင့်တည်း။ ၁၃၆၈ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၇ရက် (၂၀၀၆ခုနှစ် ဧပြီ ၁၉ရက်) ထုတ် မြန်မာ့အလင်းသတင်းစာ၌-

"ထိုင်းနိုင်ငံ ဆွန်ကရန် ရေသဘင်ပွဲတော်၌ လူပေါင်း ၄၇၆ ဦး သေဆုံးပြီး ၅၉၈၅ဦး ဒဏ်ရာရရှိကာ ယာဉ်မတော်တဆဖြစ်မှု ၅၃၂၇ မှုရှိကြောင်း"

ဖော်ပြထားသည်ကို ဖတ်လိုက်ရ၏။

ထိုသင်္ကြန်ပွဲ၌ ထိခိုက်သေကျေပါက သူတို့၏ အနာဂတ်ဘဝသည် အပါယ်လေးဘုံမှလွဲပြီး အခြားသုဂတိဘုံဌာနတို့၌ ဖြစ်နိုင်ခွင့် မမြင်ပေ။ ဘာကြောင့်နည်း၊ အကုသိုလ်ကြောင့်ရရှိသည့် ပဋိသန္ဓေကျိုးသည် အပါယ်ပဋိသန္ဓေကျိုးသာဖြစ်၍ ပဝတ္တိကျိုးမှာလည်း ဆင်းရဲကျိုးတို့သာ ဖြစ်သောကြောင့်တည်း။

* **ဆင်းရဲမှန်သမျှ၊ အကုသလ၊ သူကပေးလေသည်။**
အကုရှောင်ကွင်း၊ ဆင်းရဲခြင်း၊ အလျှင်းမရှိပြီ။

ထို့ပြင် ဘုရားဖူးအမည်ခံကာ ဘုရားကျောင်းကန်များသို့ သွားရောက်ပြီး ကာမဂုဏ်ကိစ္စပြုလုပ်ကြမည်။ ဖဲရိုက်၊ အရက်သောက်စသည့် ဘုရားဖူးရင်း လိပ်ဥတူးသည့် အလုပ်များ လုပ်ကြမည် ဆိုပါကလည်း ဗုဒ္ဓအဂါရဝ၊ ဓမ္မအဂါရဝ၊ သံဃအဂါရဝ အကုသိုလ်အမှုများ ဖြစ်၍ အခြားမြို့တွင်း၊ ရွာတွင်းတို့မှာ အပျော်ကြူးကာ၊ မူးကြ၊ ရူးကြခြင်းထက် အဆပေါင်းများစွာ ပို၍အပြစ်ကြီးသည်။ လက်ငင်းဘဝ ချစ်သူနှင့်ကွဲရခြင်း၊ အိမ်ထောင်ပြိုကွဲခြင်း၊ အဖမ်းအဆီးအချုပ်အနှောင်ခံရခြင်းစသော လက်ငင်း ဆိုးကျိုးများအပြင် သေသည်၏ အခြားမဲ့၌ အပါယ်ဆင်းရဲကြီးများနှင့် ကြုံကြရမည်မှာ ဧကန်ဖြစ်၏။

* **ဘုရားခြေရင်း၊ ကျောင်းတလင်း၊ ပေါင်းသင်းမေထုန် မပြုရာ။**
မရှောင်ပေါင်းသင်း၊ ချစ်သူကင်း၊ ပျက်ယွင်း အိမ်ထောင် ကွဲတတ်သည်။
ဖက်တွဲလမ်းသွား၊ ချစ်စကား၊ ရှောင်ရှားမပြောရ။
မရှောင်ပြောကြား၊ ထိုစကား၊ မုသားကျိန်စာဖြစ်တတ်သည်။
ဘုရားကျောင်းမြေ၊ လူအနေ၊ ရှိသေကင်းသူမှာ
သံပူအိုးကင်း၊ ပုံမယွင်း၊ ပူပြင်းကြောက်စရာ။

ယခုနှစ် သင်္ကြန်ကာလ၌ ဆိုခဲ့ပြီးသော အကုသိုလ်အမှုများကို ရှောင်ကြဉ်ကြပြီး ကောင်းမြတ်သော ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုလုပ်ကြကာ ၁၃၆၉ ခုနှစ် နှစ်သစ်ကို ကြိုဆိုကြရာ၏။ လူငယ်တို့ဘာဝ ရေပက်ကစားခြင်းစသည်ပြုလုပ် ပျော်ရွှင်ကြမည်ဆိုပါကလည်း ယဉ်ကျေးသော ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ အမူအကျင့်၊ အလေ့အထတို့ကို မပျက်စီးကြစေဘဲ ပျော်ရွှင်ကြည်နူးမှုအပြည့်အဝဖြင့် နှစ်သစ်ကို ကြိုဆိုနိုင်ကြပါစေ။ ။

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းနှင့် အိမ်တွင်းမှု လက်မှုလုပ်ငန်းသင်တန်းဆင်း ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ဧပြီ ၆ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းအမှတ်စဉ် (၁၇)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ် (၂) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်း ဆင်းပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဘဏ္ဍာရေး စည်းမျဉ်း အထူးသင်တန်းအမှတ်စဉ် (၁၇)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်သီတာထွန်း (လက်ထောက်အုပ်ချုပ်ရေးမှူး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ)၊ စာပေထူးချွန်ဆုရရှိသူ ဒေါ်စိုးစိုးငြိမ်း (ဌာနစိတ်မှူး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ)တို့အား လည်းကောင်း၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်၊ ဝါး) သင်တန်းအမှတ်စဉ် (၂) ကြိမ်ဘာသာရပ်(အဆင့်မြင့်)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်သီရိကြေးမုံ (လက်ထောက် နည်းပြ၊ ဗန်းမော် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း) အားလည်းကောင်း၊ ကြိမ်ဘာသာရပ် (အခြေခံ)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်ဖြိုးဝေဝေလှိုင် (အကူနည်းပြ၊ မြဝတီ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း) အားလည်းကောင်း၊ ဝါးဘာသာရပ် (အဆင့်မြင့်)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်ဝေဝေခိုင် (လက်ထောက်နည်းပြ၊ မြိတ်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း)အားလည်းကောင်း၊ ဝါးဘာသာရပ် (အခြေခံ) တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်မြင့်မြင့်လှိုင် (ပစ္စည်းထိန်း-၄၊ မြဝတီအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း)အားလည်းကောင်း ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူခေါင်းဆောင်များသို့ ပေးအပ်သည်။

ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်းအမှတ်စဉ်(၁၇)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှသင်တန်းသား၊ သင်တန်းသူ ၅၈ဦး၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်၊ဝါး) သင်တန်းအမှတ်စဉ်(၂)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၅၄ဦး စုစုပေါင်း သင်တန်းသား၊သင်တန်းသူ ၁၁၂ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်း ကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်သည်။သင်တန်းများ ဆင်းပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်၊ဝါး)သင်တန်းသူများ၏ လက်တွေ့သရုပ်ပြသခြင်းနှင့်သင်တန်းသူများ၏လက်ရာ ကြိမ်ထည်၊ ဝါးထည် လက်မှုအသုံး အဆောင်ပစ္စည်းများကို ကြည့်ရှု အားပေးပြီးလိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ပြည်ပဧည့်သည်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်၊ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်တို့အား ဧပြီ ၄ရက် မွန်းလွဲပိုင်းတွင် Japanese Chamber of Commerce and Industry, Yangon (JCCY)ဥက္ကဋ္ဌ Mr. Yano Fumihiroနှင့် အဖွဲ့သည် အသင်းချုပ်သို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့် ဆောင်ရွက်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်း ဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေး၊ ဗဟိုအလုပ် အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအား ဧပြီ ၄ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO)မှ Mr. Toshiya Imada ခေါင်းဆောင်သော အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ချွေတာသည့် အဆောက်အအုံများ တည်ဆောက်ရန် အားပေး

နိုင်ရိုဘီ ဇွန် ၈

အဆောက်အအုံများ တည်ဆောက်ရာတွင် စွမ်းအင်ချွေတာနိုင်မည့် နည်းစနစ်များပါဝင်သော ဗိသုကာပုံစံများ ရေးဆွဲ ထုတ်လုပ်ခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှု ပြဿနာကို လျော့ပါးသက်သာစေရေးတွင် အထောက်အကူပေးလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (ယူအင်န်အီးပီ)က ဇွန် ၅ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြထားသည်။

အဆောက်အအုံများ တည်ဆောက်ရာတွင် အင်္ဂတေ၊ သတ္တုများနှင့်သစ်တို့ကို ပိုမိုထိရောက်စွာ အသုံးပြုခြင်းဖြင့် စွမ်းအင် ချွေတာနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ နေအိမ်များနှင့် ရုံးအဆောက်အအုံများတွင် လေအေးပေးစက်များနှင့် မီးလုံးများ သုံးစွဲမှုကို လျှော့ချနိုင်ခြင်းဖြင့် ကမ္ဘာ့စွမ်းအင်သုံးစွဲမှု ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုလျော့နည်းသွားမည်ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ဒေသဆိုင်ရာ ငြိမ်းချမ်းရေး ဆွေးနွေးရန် အစ္စရေးဝန်ကြီးချုပ် အဆိုပြု

ဂျေရုဆလင် ဇွန် ၈

အာရပ်ငြိမ်းချမ်းရေး အစီအစဉ် ပြန်လည်အသက်သွင်းပြီးနောက် ဒေသဆိုင်ရာ ငြိမ်းချမ်းရေးညီလာခံတစ်ရပ် ကျင်းပရန်အစ္စရေးဝန်ကြီးချုပ် အိုလ်းမတ်က အဆိုပြုလိုက်ကြောင်း ဇွန် ၇ ရက် သတင်းများတွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံက သဘောထား ပျော့ပျောင်းသည့် အာရပ်နိုင်ငံများ၏ ညီလာခံ စီစဉ်ပြီး မိမိနှင့် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်ကို ဖိတ်ကြားလျှင် မိမိတက်ရောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

၂၀၀၂ ခုနှစ်က အဆိုပြုသည့်ငြိမ်းချမ်းရေးအစီအစဉ်ကို လက်ခံရန် အစ္စရေးနိုင်ငံအား အာရပ်ခေါင်းဆောင်များက လွန်ခဲ့သည့် ရက်သတ္တပတ်က နှိုးဆော်တိုက်တွန်းခဲ့သည်။

၁၉၆၇ခုနှစ် အာရပ်-အစ္စရေး စစ်ပွဲအတွင်းက သိမ်းပိုက်ခဲ့သည့် အာရပ်နယ်မြေအားလုံးမှ အစ္စရေးက ရုပ်သိမ်းပေးပြီး ပါလက်စတိုင်းဒုက္ခသည်များ အရေးကို တရားမျှတစွာ ဖြေရှင်းလျှင် အစ္စရေးနိုင်ငံအား အာရပ်နိုင်ငံများက ပုံမှန်ဆက်ဆံကြမည်ဟု ဆော်ဒီအာရေဗျ အဆိုပြုသည့် ငြိမ်းချမ်းရေးအစီအစဉ်က အစ္စရေးကို ကမ်းလှမ်းထားသည်။

ပထမဆုံးအဆိုပြုစဉ်က ထိုအစီအစဉ်ကို အစ္စရေးက လက်မခံဘဲ ပယ်ချခဲ့သည်။ သို့သော် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အစ္စရေးက လိုက်လျောမှုများပြုလုပ်ရန် အသင့်ရှိကြောင်း အိုလ်းမတ်က ပြောဆိုသည်။ ***အင်တာနက်။***

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဂရိနိုင်ငံ စီဖာလိုနီးယားကျွန်း၌ တူးဖော်တွေ့ရှိရသည့် ရောမခေတ် အဆောက်အအုံဟောင်း တစ်ခုကို ဇွန် ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ရှေးဟောင်းမီးတောင် ချော်ရည်ခဲ ဆိုင်းနိုင်းကျွန်းဆွယ်တွင် တွေ့ရှိ

ကိုင်ရို ဇွန် ၈

ရှေးဟောင်းဂရိမီးတောင်မှ ချော်ရည်ခဲများကို ဆိုင်းနိုင်းကျွန်းဆွယ် မြောက်ပိုင်းတွင် ရှာဖွေတွေ့ရှိရကြောင်း အီဂျစ်သုတေသီများက ဇွန် ၆ ရက်တွင် ပြောကြားသည်။

မီးတောင်ပေါက်ကွဲခဲ့

ဘီစီ ၁၇ ရာစုက ဆန်တိုရီနီကျွန်းရှိ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာတွင် ချော်ရည်များစီးထွက်လာခဲ့သည်။ ယင်းချော်ရည်များသည် ယခုအခါ ရေမြှုပ်ပုံသဏ္ဌာန်ရှိ အဖြူရောင်ကျောက်တုံးများအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လျက် ရှိသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ ဟေဘေးပြည်နယ် ဟန်ဒန်ဒေသမှ ဇူယူဟာအိုဆိုသူအား ၎င်းဖန်တီးပြုလုပ်ထားသည့် သစ်ရွက်ပေါ်၌ ဆေးရေးပန်းချီရေးဆွဲသရုပ်ဖော်ထားသော ပုံနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ-ပေကျင်းရီဗျူး)*

အီရတ်စစ်ပွဲကို ပြည်သူတို့စိတ်ပျက်နေဟု သမ္မတဘုရှ် ဝန်ခံ

ပို့အာဝင် (ကယ်လီဖိုးနီးယား)ဇွန် ၈

အမေရိကန် ပြည်သူလူထုသည် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ စိတ်ပျက်လက်ပျက်ဖြစ်နေကြသည်ဟု သမ္မတ ဂျော့ဂ်ျဒဗလျူဘုရှ်က ဗုဒ္ဓဟူးနေ့တွင် ဝန်ခံပြောကြားလိုက်ပြီး အီရတ်သို့ နောက်ထပ် တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ၎င်း၏ဆုံးဖြတ်ချက်ကို ကာကွယ်ပြောကြားသည်။

ကယ်လီဖိုးနီးယားပြည်နယ် ပို့အာဝင်ရှိ စစ်အခြေစိုက်စခန်းသို့ ဂျော့ဂ်ျဘုရှ် အလည်အပတ်သွားရောက်စဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အီရတ်စစ်ပွဲသည် ကြမ်းတမ်းသည့် စစ်ပွဲဖြစ်ပြီး အမေရိကန်ပြည်သူလူထုအနေဖြင့် ယင်းစစ်အပေါ် စိတ်ပျက် ညည်းညူနေသည်ဟု ဘုရှ်က ပြောကြားသည်။***အမ်အင်အေ၊ ရိုက်တာ။***

အပန်းဖြေကမ်းခြေအတု မက္ကဆီကိုစီးတီးတွင် ဖွင့်လှစ်

မက္ကဆီကိုစီးတီး ဇွန် ၈

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင်ပထမဆုံးတည်ဆောက်သည့် ကမ်းခြေသဲသောင်ပြင်အတုကိုဇွန်ပြီ ၄ ရက်က ဖွင့်လှစ်ပေးလိုက်သည်။ မြို့တော်သူ၊ မြို့တော်သားများ အပန်းဖြေနိုင်ရေးစီမံကိန်းတစ်ရပ်အရ ကမ်းခြေအတုကို မြို့တော်ဝန်အသစ် မာဆယ်လိုကာဆော်ဘွန်၏ အစီအစဉ်အရ အကောင်အထည်ဖော်ခြင်းဖြစ်သည်။ မက္ကဆီကိုစီးတီး တောင်ဘက်တွင် တည်ရှိသော အဆိုပါ ကမ်းခြေအတုသည် ကိုးဟက်တာ ကျယ်ဝန်းပြီး ဒုစင်တာမီတာ ၃၀ ရှိ သဲထုဖြင့် ဖန်တီးတည်ဆောက်ထားသည်။

ကမ်းခြေသဲသောင်ပြင် အတုတွင် အပန်းဖြေနိုင်စေရန် ကစားခုန်စား ပြုလုပ်နိုင်သော နေရာများ၊ မြင်းစီးနိုင်သော နေရာ၊ ရုပ်ရှင်ကြည့်နိုင်သော နေရာ၊ တေးဂီတစတိတ်ရှိုး ဖျော်ဖြေတင်ဆက်နိုင်သော နေရာတို့ကို တည်ဆောက်ထားသည်။ သဲသောင်ပြင်အတု ဖွင့်လှစ်ချိန်မှာ အီစတာပွဲတော် ကျင်းပချိန်နှင့် တိုက်ဆိုင်လျက်ရှိရာ ယင်းသဲသောင်ပြင်သို့ ကမ္ဘာလှည့်ခရီးသည်တို့ အလည်အပတ်လာရောက်ရန် ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ရသည်။ မက္ကဆီကိုနိုင်ငံရှိ ပင်လယ်ကမ်းရိုးတန်း အပန်းဖြေစခန်းများသို့သွားရောက်ရန် ငွေကြေးမတတ်နိုင်သော ပြည်သူများမှာ ကမ်းခြေအတုတွင် ပျော်ရွှင်စွာ အပန်းဖြေနိုင်မည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားသည်။

သို့ရာတွင် မြို့တော်ဝန်၏ ကမ်းခြေအတု စီမံကိန်းကို ဒေသခံပြည်သူတို့က နှစ်သက်ခြင်း မရှိကြပေ။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ဗုံးပေါက်ကွဲပြီးနောက် လမ်းပေါ်တွင် ချိုင့်ကြီးတစ်ခုဖြစ်ပေါ်နေသည်ကို ဇွန် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယစီးပွားရေးတိုးတက်မှုက ရုပ်ရှင်လုပ်ငန်းတိုးတက်ရန် အထောက်အကူပြု

နယူးဒေလီ ဇွန် ၈

အိန္ဒိယနိုင်ငံ၏ စီးပွားရေး တိုးတက်လာမှုသည် ဘောလီဝုဒ်တွင် ထုတ်လုပ်သော ရုပ်ရှင်ဇာတ်ကားများကို ကမ္ဘာ့နိုင်ငံများက ပိုမိုကြည့်ရှုလာစေရန် အထောက်အကူပေးကြောင်း နာမည်ကျော် မင်းသားကြီး အမိတာဘချမ်းက ဇွန် ၆ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာလျှင် ယင်းနိုင်ငံ၏ ယဉ်ကျေးမှု သွင်ပြင်လက္ခဏာများကို ကမ္ဘာ့နိုင်ငံများက အလေးမူလာကြရကြောင်း၊ အိန္ဒိယရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်လာနိုင်ခြင်းသည် အိန္ဒိယစီးပွားရေး တိုးတက်မှု၏ အသီးအပွင့်ပင်ဖြစ်ကြောင်း အမိတာဘချမ်းက ပြောကြားသည်။

အိန္ဒိယရုပ်ရှင်ပွဲတော်ကို ဇွန် ၇ ရက်တွင် အင်္ဂလန်မြောက်ပိုင်း ယော့ရှိုင်းယားမြို့တွင် ကျင်းပမည်ဖြစ်သည်။ ယခုနှစ်သည် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိမှု နှစ် (၆၀)ပြည့်မြောက်သည့် နှစ်ဖြစ်သဖြင့် မိမိတို့ကျင်းပသည့် ရုပ်ရှင်ပွဲတော်မှာ ထူးခြားအရေးပါကြောင်း၊ ယခုနှစ်ရုပ်ရှင်ပွဲတော်ကို ကမ္ဘာကြီးပူနွေးမှု တိုက်ဖျက်ရေး ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်အစိုးရ၏ လူ့အခွင့်အရေး အစီရင်ခံစာ အခြေအမြစ်မရှိကြောင်း တရုတ်နိုင်ငံခြားရေးဌာနမှ ပြောကြား

ပေကျင်း ဇွန် ၈

တရုတ်နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ ဖော်ပြချက်များသည် အခြေအမြစ်မရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျင်ဂန်းက စနေနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန် နိုင်ငံခြားရေးဌာန၏ လူ့အခွင့်အရေးအစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ ဖော်ပြထားချက်မှာ ပကတိ ဖြစ်ရပ်မှန်များကို လျစ်လျူရှုထားကြောင်း ၎င်းက ပြောကြားသည်။

လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအားပေးမြှင့်တင်ရေး ၂၀၀၆ခုနှစ် အစီရင်ခံစာဟူ၍ အမည်ပေးထားသည့် အမေရိကန်အစီရင်ခံစာကိုကြာသပတေးနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်အစိုးရသည် မတ်လအစောပိုင်းကလည်း ၂၀၀၆ခုနှစ် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးကျင့်စဉ်များ အမည်ရှိ အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံသူ၊ နိုင်ငံသားများသည် တရားဥပဒေနှင့်အညီ လူ့အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို ခံစားရရှိနေကြောင်း ကျင်ဂန်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆော်လမွန်ကျွန်း ဆူနာမီဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းတစ်ခုတွင် ဇွန် ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျာဗားပြည်နယ်တွင် ရထားလမ်းချော်

ဂျကာတာ ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဂျာဗားပြည်နယ်တွင် စနေနေ့က ခရီးသည်တင်ရထားတစ်စင်း လမ်းချော်ခဲ့ပြီး လယ်ကွင်းတစ်ကွင်းအတွင်းသို့ ထိုးကျသွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ခရီးသည် ၄၀၀ လိုက်ပါလာသော အဆိုပါရထားသည် ဆီမာရန်းမြို့သို့ ဦးတည်ခုတ်မောင်းလာချိန်အတွင်း တီဂယ်လ်မြို့တွင် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၅ မိနစ်၌ လမ်းချော်ခဲ့ကြောင်း နိုင်ငံပိုင် ရထားလုပ်ငန်း ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရထားလမ်းချော်မှုကြောင့် သေဆုံးရသူများတွင် အသက်ရှစ်လသားအရွယ် ကလေးတစ်ဦး ပါဝင်သည်။

ရထားလမ်းချော်မှု ဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အီလက်ထရွန်နစ် ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်၏ပြခန်းကို ဇွန် ၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိန်မှ မူးယစ်ဂိုဏ်း ခေါင်းဆောင် ထောင်ဒဏ် နှစ် ၃၀ချမှတ်ခံရ

လန်ဒန် ဇွန် ၈

ဗြိတိန်နိုင်ငံ မူးယစ်သမိုင်းတွင် အကြီးကျယ်ဆုံး ကိုကင်းမှောင်ခိုရာဇာတစ်ဦးဖြစ်သော နို့ပို့သမားဟု အမည်ဝှက်ဖြင့် ထင်ရှားသူ လူဆိုးဂိုဏ်း ခေါင်းဆောင်အား ဇွန် ၃ ရက်က ထောင်ဒဏ် နှစ် ၃၀ ပြစ်ဒဏ်ချမှတ်လိုက်သည်။

၎င်းသည် အသက်(၆၀) အရွယ်ရှိသူ အိုင်းရစ်နွယ်ဖွား ဘရိုင်ရင်ရိုက်ဆိုသူဖြစ်သည်။ ပေါင်ငွေသန်းရာပေါင်းများစွာ တန်သော ကိုကင်းများကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ မှောင်ခိုတင်ပို့ရာ၌ ၎င်းသည် နောက်ကွယ်မှ ကြိုးကိုင်သူဖြစ်သည်ဟု ဗြိတိန်အကောက်ခွန်အရာရှိများက ပြောကြားသည်။

၎င်းသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ချယ်လ်ဆီးခရိုင်တွင် သန်းကြွယ်သူဌေးကြီးတစ်ဦးအသွင်ဖြင့် နေထိုင်လျက်ရှိသည်။ ရိုက်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ရန် ဆယ်စုနှစ် တစ်စုကျော်ကြာအောင် စုံစမ်းထောက်လှမ်းခဲ့ရကြောင်း အကောက်ခွန်အရာရှိ ယူအန်စတီးဝတ်ဒ်က ပြောကြားသည်။

ရိုက်၏ အပြည်ပြည်ဆိုင်ရာ မူးယစ်မှောင်ခိုဂိုဏ်း လှုပ်ရှားခဲ့သော နယ်ပယ်သည် ဥရောပ၊ တောင်အမေရိက၊ တောင်အာဖရိက၊ ကာရစ်ဘီယံဒေသနှင့် အာဖရိကတိုက်အထိ ကျယ်ပြန့်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အရှေ့အာရှဒေသနှင့် ဆက်ဆံမှုမြှင့်တင်ရေး ယူအေအီး တိုက်တွန်း

အဘူဒါဘီ ဇွန် ၈

အာရပ်နိုင်ငံများသည် အရှေ့အာရှဒေသနှင့် စီးပွားရေးဆက်ဆံမှု မြှင့်တင်သင့်ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) စီးပွားရေးဝန်ကြီးဖြစ်သူ အယ်လ်ကာဆီမီက တိုက်တွန်းနှိုးဆော် လိုက်ကြောင်း ပင်လယ်ကွေ့နယူးစ်အမည်ရှိသတင်းစာက သောကြာနေ့တွင် ရေးသားသည်။

အရှေ့အာရှနိုင်ငံများနှင့် ဆက်ဆံရေး မြှင့်တင်နိုင်ရန် ဆော်ဒီအာရေဗျ ဘုရင်အဗ္ဗဒူလာက တရုတ်နိုင်ငံသို့လည်းကောင်း၊ ယူအေအီး ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်ဖြစ်သူ အယ်လ်မက်တွမ်က အိန္ဒိယနိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကမ္ဘာ့ရုပ်ရှင်ဖောင်ဒေးရှင်း တည်ထောင်မည်

ပါရီ ဇွန် ၈

အမေရိကန်ပြည်ထောင်စုမှ ရုပ်ရှင်ဒါရိုက်တာ မာတင်စကော်စီစီနှင့် ရုပ်ရှင်ဒါရိုက်တာများသည် အကြိမ်(၆၀)မြောက် ကိန်းရုပ်ရှင်ပွဲတော် ကျင်းပချိန်ကာလအတွင်း ကမ္ဘာ့ရုပ်ရှင်ဖောင်ဒေးရှင်းကို တည်ထောင်မည်ဖြစ်ကြောင်း၊ ယင်း အဖွဲ့အစည်းကို အထင်ကရ ကမ္ဘာ့ရုပ်ရှင်လုပ်ငန်း ထိန်းသိမ်းရေးနှင့် ပြန်လည်ဖော်ထုတ်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စကော်စီစီက ၎င်း၏ အတွေ့အကြုံများကို ဆွေးနွေးမည်ဖြစ်ကြောင်း ရုပ်ရှင်ပွဲတော်ကျင်းပရေးမှူးများက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ပါရှိသည်။

ကိန်းရုပ်ရှင်ပွဲတော် ပိတ်ပွဲအခမ်းအနားတွင် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာအား ရွှေကင်မရာဆုတံဆိပ်ပေးအပ်မည်ဖြစ်သည်။

၁၉၇၆ ခုနှစ်က ၎င်းရိုက်ကူးခဲ့သည့် "Taxi Driver" ရုပ်ရှင်ဇာတ်ကားက ရွှေအုန်းပင်ဆု ဆွတ်ခူးခဲ့ပြီး ၎င်းရိုက်ကူးခဲ့သည့် "The Departed" ရုပ်ရှင်ကားက အော်စကာဆုပေးပွဲ၌ အကောင်းဆုံး ဒါရိုက်တာဆု ဆွတ်ခူးခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

လန်ဒန်ဗုံးခွဲ တိုက်ခိုက်မှု လူသုံးဦးကို စွဲချက်တင်

လန်ဒန် ဇွန် ၈

ဗြိတိန်နိုင်ငံတွင် ၂၀၀၅ ခုနှစ် ဇူလိုင် ၇ ရက်က ဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ လူသုံးဦးကို စနေနေ့တွင် စွဲချက်တင်လိုက်သည်။ ယင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ၅၂ ဦးသေဆုံးခဲ့ပြီး လူ ၇၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

စွဲချက်တင်

လန်ဒန်မြို့၏ သယ်ယူပို့ဆောင်ရေးစနစ်ကို ဗုံးခွဲတိုက်ခိုက်မှုဖြင့် စွဲချက်တင်ခံရသူ သုံးဦးမှာ ဝါဟိအလီ၊ ဆာဒီယာဆာလင်နှင့် မိုဟာမက်ရှာကီလ်တို့ ဖြစ်သည်။

ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ၂၁ လကြာ စုံစမ်းစစ်ဆေးခဲ့ကြောင်း စကော့တလန်ရဲတပ်ဖွဲ့မှ အကြမ်းဖက်မှု တိုက်ဖျက်ရေးဌာန အကြီးအကဲ ပီတာကလပ်၏ ပြောကြားချက်ကို ကိုးကား၍ စကိုင်းသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ထိန်းသိမ်းထား

ဖော်ပြပါ သုံးဦးကို မတ် ၂၂ ရက်မှစ၍ ထိန်းသိမ်းထားခဲ့သည်။

၎င်းတို့သုံးဦးသည် ပါကစ္စတန်သို့ မထွက်ခွာမီ မန်ချက်စတာလေဆိပ်တွင် အဖမ်းခံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ယူကရိန်းနိုင်ငံ ဆယ်လစ်ရှ်ချီကျေးရွာအနီး တောတွင်းတစ်နေရာ၌ အမဲလိုက်သမားတစ်ဦးက မြေခွေးတစ်ကောင်အား ဖမ်းဆီးလာသည်ကို ဇွန် ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘူဒါပက် လေဆိပ်တွင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း

ဘူဒါပက် ဇွန် ၈

ဟန်ဂေရီနိုင်ငံ ဘူဒါပက် လေဆိပ်တွင် ဇွန် ၇ ရက်မှ စတင်၍ မြေပြင်ထိန်းသိမ်းရေး ဝန်ထမ်းများက ၄၈ နာရီကြာ ဆန္ဒပြမှုကြောင့် ယင်းလေဆိပ်ရှိ လေယာဉ်ခရီးစဉ် ၁၅၀ မှ ၁၆၀ အထိ ဖျက်သိမ်းရမည်ဖြစ်ကြောင်း စနေနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အလီတလီယာ၊ ဗြိတိန် အဲယားဝေးစ်၊ ဒယ်လ်တာ အဲယားလိုင်းစ်၊ လုဖ်သန်ဆာနှင့် တူရကီအဲယားလိုင်း လေကြောင်းဌာနများ၏ ခရီးစဉ်များကို ဖျက်သိမ်းမည်ဟု ဘူဒါပက်လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူ ဒိုမိုကော့စ်ဇိုလာက အမ်တီအိုင် သတင်းဌာနသို့ ပြောကြားသည်။

လေယာဉ်ခဈေးချိုသောလေကြောင်းဌာနများ၏ လေကြောင်းခရီးစဉ်များလည်း ဖျက်သိမ်းမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရန်ကုန်တိုင်းအတွင်း ကျောင်းအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း ပညာရေးကော်မတီက ကြီးမှူး၍ ရန်ကုန်တိုင်းအတွင်း ကျောင်းအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်တိုင်း ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုးတို့က ပညာရည်မြင့်မားရေးနှင့် အခမ်းအနားကျင်းပရခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျောင်းအဆောက်အအုံများ ပြုပြင်မွမ်းမံရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငွေကျပ်ငါးသိန်းကို တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဘုရင့်နောင် ရေထွက်ကုန်ပစ္စည်းပွဲရုံများ လူမှုရေးအဖွဲ့က ငွေကျပ်သိန်း ၁၅၀၊ ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ်(၂) စက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၃) စက်မှုဇုန်၊ ဦးနေဝင်းထွန်း (ပတ္တမြားနဂါးကုမ္ပဏီ)တို့က ငွေကျပ်သိန်း ၁၀၀ စီ၊ တွံတေးမြို့နယ် ရွှေမယင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များက ငွေကျပ် ၅၅ သိန်း၊ ဦးနေဝင်း (ရတနာရှိုးဟိုတယ်)၊ဦးလှရွှေ(အထက–၅၊တာမွေ ကျောင်းအကျိုးတော်ဆောင်) နှင့် ရွှေယမင်းဒေသ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် Asia World Co., တို့က ငွေကျပ်သိန်း ၅၀ စီ၊ Tianjin Taiarshi Group Co., Ltd. နှင့် Sky Lion Trading Co., Ltd.၊ ဦးဟင်ဘီး (Sunlight Fibre Glass)၊ ဒေါ်ဖြူဖြူဝင်းဆွေ (မင်းမဟာ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်)၊ ကမ္ဘောဇဘဏ်နှင့် ရွှေပုဇွန်မိသားစုတို့က ငွေကျပ်သိန်း ၃၀စီ၊ ဒေါပုံမြို့နယ် အလက(၁)၊ အမက(၆) တို့မှ ကျောင်း အကျိုးတော်ဆောင်များက ငွေကျပ် ၂၅ သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်နှင့် ဇနီး ဒေါ်စန်းကြည် (သီရိရတနာမဥ္ဇူသာကုမ္ပဏီ)က ငွေကျပ် ၂၀ သိန်း၊ ဦးနေလင်းဦး၊ ဦးဇော်နိုင်ဦး Naing Group ဆောက်လုပ်ရေးနှင့် ဦးတင့်လွင် (မြန်မာကံ့ကော်ကုမ္ပဏီ) တို့က ငွေကျပ်သိန်း ၂၀စီ၊ HAT သံထည်ပစ္စည်း ရောင်းဝယ်ရေးနှင့် ဦးအောင်သိန်းထွန်း (Tri Adversting Group)တို့က ငွေကျပ် ၁၅ သိန်းစီ၊ ဦးတင်မောင်အေးက ဒေါ်လာ ၁၀၀၀၊ ဦးစိုးတင့် (စိုးအီလက်ထရွန်းနစ်)က ငွေကျပ် ၁၂သိန်း၊ ဦးစောတင်ဝင်း Tower Studio၊ ဦးသိန်းနိုင် (၇သုံးလုံးပလတ်စတစ်) ဦးကျော်မင်း (ရွှေပြည်နန်းကုမ္ပဏီ)၊ ဦးစိန်မြင့်(ဥရောပ အာရှ ကော်မာရှယ် ကုမ္ပဏီလီမိတက်)၊ မြောက်ဥက္ကလာပမြို့နယ် ရပ်မိရပ်ဖများ၊ ဦးထွန်းထွန်း – ဒေါ်မာမာ၊ ဒေါက်တာခင်မောင်ဝင်း – ဒေါက်တာဝေဝေ မိသားစု၊ မထသ (မြို့တွင်း)၊ မထသ(အဝေးပြေး)၊ ရွှေကမ္ဘာကျော်ပွဲရုံ လုပ်ငန်းရှင် ဦးဝင်းအောင်၊ ဦးမြင့်နိုင် (ငပလီဆောက်လုပ်ရေး)နှင့် ဦးမောင်မောင်အေး (ကြောင်နက်မင်းကုမ္ပဏီ) တို့က ငွေကျပ် ၁၀ သိန်းစီ အပါအဝင် အလှူရှင် ၁၀၅ဦးတို့က အလှူငွေ စုစုပေါင်း ကျပ် ၁၂၄၈၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်သန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနား၌ အလှူရှင်များ လှူဒါန်းကြသည့် အလှူငွေများဖြင့် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၁၃ ကျောင်းနှင့် မူလတန်းကျောင်း ၁၀၂ကျောင်း စုစုပေါင်း ၁၂၅ ကျောင်းကို ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း ၀၁–၃၇၀၅၀၆၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ကျောင်းအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများအတွက် စေတနာရှင် အလှူရှင်တဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့်အဖွဲ့ အဆိုပြုလွှာပေးအပ်ပွဲ၊ စကားဝိုင်းဆွေးနွေးပွဲ၊ စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပေါက်တန်းဒိတ်ကုန်းကျေးရွာ၌ တည်ထားကိုးကွယ်ထားသော လောကမဏိစူဠာစေတီတော်ကို ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး ဒိတ်ကုန်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယအား ဝင်ရောက်ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက သက်ကြီးဘိုး၊ ဘွားများအား ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ထောက်ပံ့ကြသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ပေါက်တန်းဒိတ်ကုန်း ကျေးရွာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးဝင်းက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကက လက်ခံပြီး အဖွဲ့ဝင်အသိအမှတ်ပြုကတ်ပြားများ ပေးအပ်ပြီး ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ကျေးရွာရှိ စက်ကြီးပန်းထိုး လုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးများအတွက် အပ်ချုပ်စက် ခြောက်လုံးကို ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးတာဝန်ခံ ဒေါက်တာဒေါ်လေးခိုင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များသည် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာရှိအမျိုးသမီးငယ်များနှင့်အတူ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝမြင့်မားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ စကားဝိုင်းဖွဲ့ဆွေးနွေးကြပြီး ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၏ စက်ပန်းထိုးလုပ်ငန်းကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေသည် ပေါက်တန်းကျေးရွာ မေ့အားမာန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုကြကာ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် ပေါက်တန်း ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျေးရွာရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေမှုကို ကြည့်ရှုအားပေးကြပြီး အားဆေးများ၊ အိုင်အိုဒင်းဆားများ၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ ထန်းတပင်မြို့နယ် ပေါက်တန်းဒိတ်ကုန်း ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျေးရွာရှိ အမျိုးသမီးငယ်များနှင့် စကားဝိုင်းဖွဲ့ ဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲနှင့် ကမ္ဘာ့ကြက်ခြေနီနေ့ကျင်းပမည်

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပမည့် ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ–၂၀၀၇ ကို ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၃ ရက်မှ ၈ ရက်အထိကျင်းပမည်ဖြစ်ပြီး ၂၀၀၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို မေ ၈ရက်တွင် သူနာပြုတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်း စစ်ရေးပြနှင့် သူနာပြုစွမ်းရည်ပြိုင်ပွဲကို ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများကို မေ ၈ ရက် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်သည်။ ၂၀၀၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ဆောင်ပုဒ်မှာ "Together for Hu-manity" **"လူမှုကရုဏာ စာနာရေး၊ ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်ပေး"**ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၆–၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပရိတ်တန်ခိုးကြောင့် ရောဂါပျောက်၊ ပရိတ်နှင့်နေ အသက်ရှည်တရားတော် [အရှင်ဘဒ္ဒန္တ ကဝိဓဇ (ဖွဲ့ကပင်တောင် ဆရာတော်)]
၈း၁၀	ခါသကြိ်န်အဆိုအက
၈း၁၅	Sunday Talk
၉း၁၅	ခါသကြိ်န်အဆိုအက
၉း၂၀	ချမ်းမြေ့စေတာ ချမ်းမြေ့မှာ ထာဝရရိပ်သာ
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	Music Gallery (သကြိ်န်သီချင်းများ)
၁၀း၀၅	ခါသကြိ်န်အဆိုအက
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	အဆင့်မြင့်မင်္ဂလာဈေးကြီး၏ အထူးဈေးရောင်းပွဲတော်
၁၀း၂၅	ခါသကြိ်န်အဆိုအက
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	ဝိနည်းတော်နှင့်ညီသည့် သင်္ကြန်းဟူသည်
၁၀း၅၅	ခါသကြိ်န်အဆိုအက
၁၁း၀၀	MRTV-4ကျန်းမာရေးကဏ္ဍ (ကလေးငယ်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း) (ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာအက်(စ်)ကျော်လှနှင့် တွေ့ဆုံခြင်း)
၁၁း၃၀	ခါသကြိ်န်အဆိုအက
၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	ခါသကြိ်န်အဆိုအက
၁၁း၅၀	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ (အပိုင်း–၁)
၁၂း၁၀	ခါသကြိ်န်အဆိုအက
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀	ရုပ်ရှင် ပုံရိပ်ဟောင်းများရှင်သန်ရာရုပ်ရှင်သမိုင်းပြတိုက်မှာ
၁၂း၃၅	ခါသကြိ်န်အဆိုအက
၁၂း၄၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Man Utd - Roma	5-Sports(Live)
	Valencia - Chelsea	5-Series(Live)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစည်းအဝေးတက်ရန်ထွက်ခွာ

နေပြည်တော် ဧပြီ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဧပြီ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ဧပြီ ၈ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန အာဆီယံဌာနခွဲ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေး လိုက်ပါသွားသည်။ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ ဧပြီ ၉ ရက်တွင် ကြိုတင်ကျင်းပမည့် အဆင့်မြင့် အရာရှိများ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့သည် ဧပြီ ၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (လယ်/ဆည်)

မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် ခုနစ်မိုင် ရွာတန်းရှည် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်ဆဲ သောကုဇန လေးထပ်ကျောင်းဆောင်တော်ကြီးအတွက် မရမ်းကုန်း (၇)ရပ်ကွက် နီကောလမ်းနေ ဦးသန်းတင်-ဒေါ်ခင်သန်းရီ မိသားစုက ပထမအရစ်ငွေကျပ် ၁၀ သိန်းကို ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြေးပိဋကတ်တော်အတွက် အလှူငွေလှူဒါန်း

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ဦးဆောင်၍ ပိဋကတ်သုံးပုံ ပါဠိတော်များကို ကြေးပြားခတ် သွန်းလုပ်ပူဇော်လျက်ရှိရာ ဧပြီ ၉ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်နေ ဦးဌေးမောင်-ဒေါ်ခင်အေးကြူ မိသားစုက ယမက ပါဠိတော်(ပ-တွဲ) အတွက် ကြေးသေတ္တာ အလှူငွေကျပ် ၁၂၀၀၀၀ ကို လာရောက်လှူဒါန်းသည်။
(အပေါ်ပုံ)

ကြေးပိဋကတ်တော်ပြုလုပ်ရေးအတွက် ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၉၅၂၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖြိုးစေတနာဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင်စိုက်ထူပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှု ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ ကြီးမှူးဆောင်ရွက်သည့် ဖြိုးစေတနာ ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင်စိုက်ထူပွဲ အခမ်းအနားကို ဧပြီ ၆ ရက် နံနက်က ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အရှေ့ပိုင်းခရိုင်၏ ဖြိုးစေတနာဆေးကုခန်းဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ခရိုင်အသင်းရုံး ဆေးကုခန်း ဥပစာ၌ နံနက် ၇နာရီတွင် ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်၊ ဆေးခန်းတာဝန်ခံ ဒေါက်တာတိုးတင့်အောင်တို့က မင်္ဂလာဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ဆေးကုခန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍အမှာစကား ပြောကြားပြီး ဆေးပဒေသာပင်အတွက် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၃၀၁၅၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ "ဖြိုးစေတနာဆေးကုခန်း"ကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ မြို့နယ်အသင်းရုံးဥပစာ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ တိုင်းအတွင်းရေးမှူးနှင့် ဆေးခန်းတာဝန်ခံ ဒေါက်တာတင်ထွန်းတို့က မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဆေးပဒေသာပင်အတွက် အလှူရှင်များက အလှူငွေကျပ် ၃၄၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်က လက်ခံရယူသည်။

အထက်ပါ "ဖြိုးစေတနာဆေးကုခန်း" များတွင် ရဟန်းတော်များအပါအဝင် ပြည်သူများအားလုံးကို အခမဲ့ကုသပေးရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

ဆေးကုခန်းများကို အရှေ့ပိုင်းခရိုင်တွင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ၊ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း၊ အနောက်ပိုင်းခရိုင်တွင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ညနေ ၆ နာရီမှ ည ၈ နာရီထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ (၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်တာဝန်ရှိသူများ စမ်းချောင်းမြို့နယ်ရှိ ဖြိုးစေတနာဆေးကုခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၉)

သကြၤန်တွင်း တရားပွဲ

ရန်ကုန် ဧပြီ ၉

ဒေါပုံမြို့နယ် ဆေးစက် ပုသိမ်မြေ ရပ်ကွက် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး ပဓာန နာယက ဆရာတော်၏ ဩဝါဒခံယူလျက် မြတ်သီတာသိမ်တော်ကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးဦးသန်းရွှေ (ဒလ-အုံကြီး)က ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် သမထ ဝိပဿနာ ကျင့်စဉ် တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP) တို့ ပူးပေါင်း၍ လေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များက လေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာနှင့် သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြားဆွေးနွေးကြပြီး ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၄ နာရီခွဲတွင် ရပ်နားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ဧပြီ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်မှ ပံ့ပိုးပေးထားသည့် လေအရည်အသွေးတိုင်းတာသည့် ကိရိယာအသုံးချနည်းသင်တန်း ပို့ချသွားမည်ဖြစ်သည်။ ဧပြီ ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ ရွေးချယ်ထားသည့် နေရာလေးနေရာ၌ လေအရည်အသွေးတိုင်းတာခြင်းကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းဆင်းပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား အရာထမ်းများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ရုံးလုပ်ငန်းကျွမ်းကျင်မှုမွမ်းမံသင်တန်း၌ လေ့လာခဲ့ရသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဆိုင်ရာ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပေါင်းစပ်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အခါတိုင်း လေ့လာပြီးဖြစ်သည့် ဥပဒေစည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များ၊ တိုးတက်အောင်မြင်မှုများ သိရှိလေ့လာပြီး ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ ရှင်းလင်းလွယ်ကူသည့် ဘဏ္ဍာရေးနှင့် အခွန်စနစ်များ၊ ချိုသာပြေပြစ်သည့် ပြောဆိုဆက်ဆံမှုများဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း၊ တာဝန်နှင့် ရပိုင်ခွင့်များဖြင့် ကိုယ်ကျိုးရှာဖွေခြင်း မပြုသော၊ ပြည်သူများ ယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်စေရန် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်ပြီး ရိုးဖြောင့်မှန်ကန်သော စိတ်ထားဖြင့် နိုင်ငံတော်ကို တာဝန်သိသိ သစ္စာရှိရှိ အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

လေးပတ်ကြာမြင့်

အဆိုပါ ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၇)တွင် သင်တန်းသား အရာထမ်း ၅၇ ဦး တက်ရောက်ကြပြီး ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၀၇) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✻ မဲခေါင်မြစ်အထက်ပိုင်းမှ

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက အမှာစကား အသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့သည် ဌာနဆိုင်ရာအကြီးအကဲများ၊ လေးနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ လေးနိုင်ငံ ပူးတွဲညှိနှိုင်းကော်မတီ (JCCCN)၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို အစီအစဉ်အတိုင်း စတင်ကျင်းပပြီး ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

အဆိုပါ အစည်းအဝေးကို ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

● သဘာဝဆေးပင်များမှ

သို့ရာတွင် အိန္ဒိယနိုင်ငံ သဘာဝဆေးပင်တစ်မျိုးမှရသော ဖော့စကိုလင် (Forskolin) ကိုပေး၍ ကုသသောအခါ ယင်းဓာတ်က ခိုအောင်းနေသော ဘက်တီးရီးယားများကို ရှင်းလင်းပေးသဖြင့် ပဋိဇီဝဆေးက ပိုးအားလုံးကို သုတ်သင်ခွင့်ရသွားသည်။ သို့ဖြင့် ဆီးလမ်းကြောင်းဆိုင်ရာ ဘက်တီးရီးယား ရောဂါပိုးကို သတ်ရာ၌ ပို၍ ထိရောက်မှုရှိသည်ဟု ဒြူဒ်တက္ကသိုလ် ဆေးပညာဌာနမှ သုတေသီများက ပြောကြားသည်။

များသောအားဖြင့် ဆီးလမ်းကြောင်း ရောဂါစု၏ ၉၀ရာခိုင်နှုန်းသည် အီးကိုလိုင်းဘက်တီးရီးယားပိုးကြောင့် ဖြစ်ပေါ်သည်က များသည်။ အမျိုးသားများထက် အမျိုးသမီးများတွင် ထိုရောဂါ ပို၍အဖြစ်များသည်ဟု ဆိုသည်။

ဖော်ပြပါ ဆေးပညာဆိုင်ရာ တွေ့ရှိချက်များကို ဒြူဒ်တက္ကသိုလ် ဆေးပညာဌာနမှ အဏုဇီဝ ကမ္ဗဗေဒ ပညာရှင် ဆိုမန်အေဘရာဟမ်က ဧပြီ ၈ ရက်ထုတ် သဘာဝဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယ သဘာဝဆေးပင် ကိုလီရပ်စ် (Colers)မှ ရသော ဖော့စကိုပင် ဓာတ်ပစ္စည်းသည် ဆီးလမ်းကြောင်းအတွင်းရှိသော ဘက်တီးရီးယားများကို ပုန်းအောင်းမနေနိုင်အောင် တွန်းထုတ်ပေးသည်။ ထိုသို့မောင်းထုတ်ပေးလိုက်သော ဘက်တီးရီးယားပိုးများကို လူနာသောက်ထားသော ပဋိဇီဝဆေးများက လွယ်ကူစွာ ရှင်းပစ်နိုင်သဖြင့် ဆီးလမ်းကြောင်းရောဂါ ပျောက်ကင်းရေးကို ပါ အထောက်အကူပြုခြင်း ဖြစ်သည်ဟု သုံးသပ်သည်။

အင်တာနက်။



ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါသရုပ်ပြပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

သင်္ကြန်ရက်အတွင်း လော်ကားဥယျာဉ် ပိတ်ထားမည်

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ သင်္ကြန်ရက်အတွင်း ယာယီပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်မှ စ၍ ယခင်အတိုင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ နေ့စဉ်ပုံမှန် ပြန်လည်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန် ဧပြီ ၃၀ ရက် (ကဆုန်လပြည့်နေ့) နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။

မိဘဂုဏ်ရည်သွေးလှူရှင်များအသင်း ကုသိုလ်ကောင်းမှုများပြုမည်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ကိုယ်စားပြု မြန်မာနိုင်ငံ မိဘဂုဏ်ရည် သွေးလှူရှင်များအသင်းက ၁၃၆၉ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မင်္ဂလာရက်မြတ်များတွင် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ခြင်း၊ နှစ်ဆန်းတစ်ရက်နေ့ စုပေါင်းသွေးလှူဒါန်းပွဲ၊ ငါးလွှတ်ပွဲ၊ ရှင်တစ်ရာပြုပွဲများကို လှိုင်သာယာမြို့နယ် (၂)ရပ်ကွက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နှစ်ဆန်းတစ်ရက်တွင် အမျိုးသားသွေးလှူဌာန၌ သွေးလှူဒါန်းနိုင်

ဧပြီ ၁၇ရက်တွင် ကျရောက်သော မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်တွင် စေတနာသွေးလှူရှင်များ ကုသိုလ်ယူ သွေးလှူဒါန်းနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာန (ဗဟိုအမျိုးသား သွေးလှူဘဏ်)ကို နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်၍ စေတနာသွေးလှူရှင်များ စိတ်ချမ်းမြေ့စွာ သွေးလှူဒါန်းနိုင်သည်။

ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က (၉)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံနှင့် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး သင်တန်းများအတွက် ဆေးနှင့် ဆေးပစ္စည်း ကိုယ်စားလှယ်များအား ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ပါဝင်ကစားနိုင်

၂၀၀၇ ခုနှစ် စတုတ္ထအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ လောင်းလှေကြီးများဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဧပြီ ၁၂ ရက် ညနေ ၃ နာရီတွင် နံ့သာသွေးပွဲ၊ ဧပြီ ၁၃ ရက် နံနက် ၈ နာရီတွင် ဘုရားရေသပ္ပာယ်ပွဲနှင့် ညနေ ၃ နာရီမှ ၆ နာရီအထိ ရခိုင်ရိုးရာ အဆို၊ အက ဖျော်ဖြေပွဲ၊ ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီ အထိ ရခိုင်ရိုးရာ သင်္ကြန်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ ရခိုင်ရိုးရာ အစားအစာများ ဝယ်ယူစားသုံးနိုင်ကြပြီး ပျော်ရွှင်စွာ ရေပက်ကစားကြရန် ဖိတ်ကြားထားသည်။

(ကြေးမုံ)

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းမဟာသင်္ကြန်
စည်းကမ်းထိန်းသိမ်းရေးကော်မတီ

☆ ရှေ့ဖုံးမှ

သွားရောက်ကြည့်ရှုစစ်ဆေး၍ တံတားကြွခိုင်ရေးနှင့် မိုးရာသီရေစီးချိန်တွင် ချဉ်းကပ်လမ်းနှင့် ကမ်းကပ်ခံရေတိုက်စားမှုမရှိအောင် ကြိုတင်ကာကွယ်မှု အစီအစဉ်များ ပြုလုပ်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထို့ကော်ကိုး အခြေခံပညာမူလတန်း လွန်ကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ အမှတ်(၁) အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ထို့ကော်ကိုး အခြေခံပညာမူလတန်း ကျောင်းဟောင်း၌ ဖွင့်လှစ်နေသော နွေရာသီအခြေခံ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပညာရေးဝန်ထမ်းများ အား တွေ့ဆုံမှာကြား၍ ကျောင်းသား၊ ကျောင်းသူများအား ဝန်ကြီးနှင့်အဖွဲ့က ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်သည်။

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့က တာဝန်ယူဆောင်ရွက်နေသော ထို့ကော်ကိုး မြို့တွင်းလမ်း ကတ္တရာခင်း ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေများကိုတင်ပြကြပြီး ဝန်ကြီးက လမ်းလုပ်ငန်း စံချိန်စံညွှန်းမီ အချိန်မီပြီးစီးရေးကို မှာကြား၍ စည်ပင်သာယာ ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ထို့ကော်ကိုးဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ထို့ကော်ကိုးဒေသမှ တိုင်းရင်းသားခေါင်းဆောင် များနှင့် မိသားစုများ၊ ဒေသမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး တည်ဆောက်ဆောင်ရွက်နေမှု အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးခင်ကြူးနှင့်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေတို့ကထို့ကော်ကိုး မြို့ပြတည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ပညာရေးလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာ့သစ် လုပ်ငန်းရောင်း/စက် အထွေထွေမန်နေဂျာ ဦးခင်မောင်အေးက တည်ဆောက်ရေး လုပ်ငန်းများအတွက် သစ်ရရှိရေးဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြကြပြီး ဒေသမှတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များက လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည်ရှင်းလင်းညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအဆောက်အအုံများ တည်ဆောက်ရာတွင် အပိုင်းလိုက် စနစ်တကျ ဟန်ချက်ညီညီဆောင်ရွက်ရေး၊ ရပ်ကွက်တွင်းလမ်းများ မိုးမကျမီကျောက်ချောလမ်းခင်းရေး၊ မြို့ရေပေးရေးစနစ်နှင့် မီးလင်းရေးကို အဆောက်အအုံလုပ်ငန်းများနှင့် တစ်ပြိုင်တည်း အပိုင်းလိုက်ဆောင်ရွက်ပေးရေး၊ ရာသီအမီစိုက်ပျိုးမြေများ ဖော်ထုတ်စိုက်ပျိုးရေးနှင့် မိသားစုများ ကျန်းမာရေး၊ ပညာရေး၊ ဝင်ငွေတိုးရေး၊ သက်သာချောင်ချိရေး လုပ်ငန်းများကို အစီအမံတကျ ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးက ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များထံ လက်ဆောင်ပစ္စည်းများနှင့် မိသားစုများအတွက် ငါးပိ၊ငါးခြောက်၊ မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ထို့ကော်ကိုး ယာယီဆေးပေးခန်းသို့ ရောက်ရှိရာ လက်ထောက်ကျန်းမာရေးမှူး ဒေါ်နော်ရစ်ထူးနှင့် တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများနှင့် ဆေးပေးခန်း ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပထမအဆင့် ဆောက်လုပ်ပြီး အဆောက်အအုံများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်က ထုတ်လွှင့်ပေးနေမှု အခြေအနေများ၊ တယ်လီဖုန်းစနစ် တပ်ဆင်ဆက်သွယ်အသုံးပြုနိုင်မှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြား သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ပြီးအိမ်များရှိ မိသားစုများ နှင့် သွားရောက်တွေ့ဆုံ၍ မိသားစုများ၏ လိုအပ်ချက်များ၊ နေထိုင်မှုအခြေ အနေများကို ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းပြီး နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်နေမှုများ၊စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် မိသားစု ဘဝ ဖူလုံမြင့်တင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တန်ခူးလတွင်ကျရောက်မည့် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနက နှိုးဆော်ချက်ထုတ်ပြန်

နေပြည်တော် ဧပြီ ၉

မြန်မာတို့၏ ၁၂လရာသီပွဲတော်များအနက် နှစ်သစ်ကူးပွဲတော်ဖြစ်သော မဟာသင်္ကြန်ကာလသည် ခရစ်နှစ် ၂၀၀၇ခုနှစ် ဧပြီ၁၃ရက်မှ၁၆ရက်၊ မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်မှ ကဆုန်လဆန်းတစ်ရက် အထိ ကျရောက်မည်ဖြစ်သည်။ မြန်မာတို့ရိုးရာ အစဉ်အလာမပျက် မြတ်နိုးစွာနှစ်စဉ်ကျင်းပလေ့ရှိသော ဤပွဲတော်ကို ဖော်ညွှန်းသည့် **"သင်္ကြန်"** ဟူသောဝေါဟာရသည် **"သင်္ကန္တ"**ဟူသော သက္ကတစကားနှင့် **"သင်္ကန္တ"**ဟူသော ပါဠိစကားတို့မှဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ အဓိပ္ပာယ်အားဖြင့် **"ကူးပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်း"** ဟူသောအဓိပ္ပာယ်သက်ရောက်သည်။ နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ ကူးပြောင်းခြင်းဟုဆိုနိုင်သည်။ဤကာလတွင် မြန်မာလူမျိုးတို့သည် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်အနေဖြင့်လည်းကောင်း၊ နှစ်ဟောင်းမှမကောင်းမှုအညစ်အကြေး များကို ဆေးကြောသန့်စင်သည့်အနေဖြင့်လည်းကောင်း တစ်ဦးက တစ်ဦးကို သိမ်မွေ့ညင်သာစွာရေစင်သွန်းလောင်း လေ့ရှိကြသည်။

မြန်မာလူမျိုးတို့သည် ဤသို့ယဉ်ကျေးသိမ်မွေ့ပျော်ရွှင်ဖွယ်ရာကောင်းသော သင်္ကြန်ကာလတွင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ပျော်ရွှင်စွာရေစင်သွန်းလောင်းခြင်းနှင့်အတူ ဗုဒ္ဓဘာသာဝင်တို့၏ အလေ့အထများအတိုင်း သတ္တဝါများကို ဘေးမဲ့လွှတ်ခြင်း၊ အလှူဒါနပြုခြင်း၊ ရဟန်းခံရှင်ပြုခြင်း၊ သက်ကြီးဝါကြီးများအားအမွှေးနံ့သာရည်၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်းနှင့် ဦးချကန်တော့ခြင်း စသည့် ကောင်းမှုကုသိုလ်များကို စေတနာသဒ္ဓါတရားထက်သန်စွာ ပြုလုပ်လေ့ရှိကြသည်။

မြန်မာတို့၏ မဟာသင်္ကြန်ပွဲတော်ရိုးရာဓလေ့ထုံးစံများမှာ အလွန်ပင်လေးစားဖွယ်ကောင်းသောဓလေ့ထုံးစံ များဖြစ်သည့်အလျောက် သင်္ကြန်ပွဲတော်ကို မြန်မာလူမျိုးတိုင်းက ရိုးရာယဉ်ကျေးမှုအစဉ်အလာမှ တိမ်ကော ပပျောက်မှုမရှိစေရန် ထိန်းသိမ်းခဲ့ကြသည်။ ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသော မြန်မာနိုင်ငံ၌သာ ဤကဲ့သို့ ယဉ်ကျေးသိမ်မွေ့ပြီး၊ ကောင်းမှုကုသိုလ်များဖြင့် ပြွမ်းနေသော နှစ်သစ်ကူးသင်္ကြန်ပွဲတော်မျိုးသည် ထူးခြားမွန်မြတ်စွာ တည်ရှိနေသည်။

သို့ဖြစ်၍ မြင့်မြတ်ပြီး ယဉ်ကျေးသိမ်မွေ့သောစိတ်နေသဘောထားကိုထင်ဟပ်နေသည့် မြန်မာ့ရိုးရာသင်္ကြန် ပွဲတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့ကို ပိုမိုလေးနက်တည်တံ့စေရေးအတွက် ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းသွားရန်မှာ မြန်မာလူမျိုးအားလုံးတို့၏ တာဝန်ဖြစ်သည်။ထို့ကြောင့် ကမ္ဘာ့အလယ်တွင်မြန်မာလူမျိုးတို့၏ ဓလေ့ရိုးရာ ယဉ်ကျေးမှုအဆင့်အတန်းသည် မြင့်မားထည်ဝါကြောင်းပြသနိုင်ရန်အတွက်လည်းကောင်း၊ ရိုးရာ ယဉ်ကျေးမှုမတိမ်ကောမပပျောက်စေရေးအတွက်လည်းကောင်း၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီမှုမရှိသော

- **ရိုးရာယဉ်ကျေးမှုကိုသွေဖည်သော သရုပ်ပျက် ဝတ်စားဆင်ယင်မှုများ၊ မောင်နှင့်နှမ၊ သားနှင့်အမိ အမြင်မတော်သော ဝတ်စားဆင်ယင်မှုများ၊**
- **တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားစေနိုင်သည်အထိ ကြမ်းတမ်းရိုင်းစိုင်းစွာ ရေပက်ကစားခြင်းများ၊**
- **မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့မှုနှင့် သွေဖည်ကာ ဖိအားသုံးအရှိန်ပြင်းရေပိုက်များဖြင့် ဒဏ်ရာအနာတရ ဖြစ်စေသည်အထိ ရေပက်ခြင်း၊ရေပူဖောင်း၊ရေဘောလုံးများဖြင့် ပစ်ပေါက်ခြင်းများ၊**
- **အချင်းချင်း ရိုင်းပျစွာ နောက်ပြောင်မှုများ။**
- **မြန်မာတို့၏ မြင့်မားသော ကဗျာလင်္ကာတန်ဖိုးအရ သင်္ကြန်ပွဲတော်ကိုခံ့ညားစေရန် ဖော်ကျူးခြင်းမျိုးမဟုတ်ဘဲ သူတစ်ပါးကို ထိခိုက်စေလိုသောသဘောဖြင့် သရော်စာပုံစံ အတိုင်းအဖောက်သံချပ်ထိုးခြင်းများ၊ အန္တရာယ်ကျရောက်စေနိုင်သည်အထိယာဉ်မောင်းနှင်မှုများ၊**
- **သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားခြင်း၊အပျော်လွန်၍ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် တည်ဆဲဥပဒေများကို ချိုးဖောက်ခြင်းများ အပြုအမူတို့ကို သတိထားရှောင်ရှားသင့်သည်။**

သင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအရ မြတ်နိုးလေးစားဖွယ်ရာဖြစ်စေရန် နိုင်ငံသားတိုင်းက စောင့်ရှောက် ကြပါရန် နှစ်သစ်မင်္ဂလာကိုကြိုဆိုလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက နှိုးဆော်ထားသည်။

✧ ရေအားလျှပ်စစ်မှ

ဆက်လက်၍ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ Jiangsu Pengfei Group Co., Ltd. မန်နေဂျင်း ဒါရိုက်တာ Mr. Wang Jia An က အမှာ စကားပြောကြားသည်။

ထို့နောက် နှစ်ဖက်သဘောတူညီ ချက်ကန်ထရိုက်စာချုပ်ကို ရေအား လျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် Jiangsu Pengfei Group Co., Ltd. မန်နေ ဂျင်း ဒါရိုက်တာ Mr. Wang Jia An တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ် ကြသည်။

ယင်းနောက် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယနေ့လက်မှတ်ရေးထိုးသော ကန် ထရိုက်စာချုပ်မှာ မန္တလေးတိုင်း အတွင်း တည်ဆောက် အကောင် အထည်ဖော်လျက်ရှိသော စက်တပ် ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိ ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းတွင် (R.C.C) ကွန်ကရစ်တမံ တည် ဆောက်ရာ၌ အသုံးပြုနေသည့် သဘာဝပိုဇိုလန်များကို ပုပ္ပားဒေသရှိ တစ်ရက်လျှင် တန် ၁၀၀၀ ကျ သဘာဝပိုဇိုလန်စက်ရုံ(ပုပ္ပား)မှ ထုတ် လုပ်ပေးလျက်ရှိသည်။ ထပ်မံတည် ဆောက်မည့် (R.C.C) ကွန်ကရစ် တမံဖြင့် ပြုလုပ်မည့် ရေအားလျှပ်စစ် စီမံကိန်းများအတွက် ပုပ္ပားဒေသမှာပင် တစ်ရက်တန် ၅၀၀ ကျ သဘာဝ ပိုဇိုလန် စက်ရုံတစ်ရုံ ထပ်မံတိုးချဲ့ တည်ဆောက်ရေးအတွက် လိုအပ် သော စက်ပစ္စည်းများ ဝယ်ယူတပ် ဆင်၍ စက်လည်ပတ်ရန် ကန်ထရိုက် စာချုပ် လက်မှတ်ရေးထိုးခြင်း ဖြစ် ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၈)ရပ်ကွက် သီရိမင်္ဂလာမွေ့ရိပ်သာဖွင့်ပွဲ၊ အလှူတော် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ရေစက်ချမင်္ဂလာပွဲကို ဧပြီ ၈ ရက်က ကျင်းပရာ သီရိမင်္ဂလာမွေ့ရိပ်သာ နာယက ဦးလွင် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်က နှုတ်ခွန်းဆက် စကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါ်လှဝတီက (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြား တင်ပြသည်။

ထို့နောက် အသင်းဘဏ္ဍာရေးအကြံပေး ဒေါ်ခင်ဌေးယုက အသင်း၏ ၂၀၀၆-၂၀၀၇ ခုနှစ် နှစ်ချုပ် စာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက ကျေးဇူးတင်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်စကားပြောကြား

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေ ထွေ အစည်းအဝေးတွင် မြန်မာ အမျိုးသမီး စီးပွားရေးစွမ်းဆောင် ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့် မြင့်နှုတ်ခွန်းဆက်စကားပြောကြား စဉ်။ (သတင်းစဉ်)

လယ်တီစံမဟာစည်သာသနာ့ရိပ်သာ (၁၀)နှစ်ပြည့်အထိမ်းအမှတ်

ရန်ကုန် ဧပြီ ၉

ပုဇွန်တောင်မြို့နယ် လယ်တီစံ မဟာစည် သာသနာ့ရိပ်သာ တရား စခန်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၂၁ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျေးဇူး ရှင်ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ ဓမ္မကထိကဆရာတော်များအားလှူဒါန်း ပူဇော်ရန်နှင့် ညှော်ခံစရိတ်များကိုလည်း ကောင်း၊ (၁၀)နှစ်ပြည့်အထိမ်းအမှတ် စာစောင်ထုတ်ဝေရေးအတွက် အလှူ ငွေများကိုလည်းကောင်း လှူဒါန်းနိုင်ပြီး ဖုန်း-၂၀၁၆၃၄သို့လည်း ဆက်သွယ် လှူဒါန်းနိုင်သည်ဟု သိရသည်။ (၂၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၈။	ဝမ်ပုံရေလှောင်တမံ
၈း၂၀	၉။	ခါသင်္ကြန်အဆိုအကများ
၈း၃၀	၁၀။	International News.
၈း၄၅	၁၁။	Let's Go.
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၅၅	၅။	ခါသင်္ကြန်အဆိုအကများ
၅း၀၅	၆။	**"ဆွေမျိုးတော်ပေမယ့်" (ဒုရဲမှူးတင်လင်း၊ ဆောင်းအိမ္ဘြေထွန်း၊ ဗေဒါ) [ဒါရိုက်တာ သက်တင်]**
၅း၃၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၅၀	၁၁။	မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန် (၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၃)ရက်၊မဟာသင်္ကြန်အကြတ်နေ့)
၇း၀၀	၁၂။	မြတ်နိုးတန်ဖိုးထား အာဆီယံ ယဉ်ကျေးမှုအမွေအနှစ်များ
၇း၁၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင် ခြားသော်လည်း" (အပိုင်း-၁၁)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း-၂)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကား ပြောကြား

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ရက် ညနေ ၅နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းက ရန်ကုန်မြို့တော်အတွင်း "ဟွန်းသံကင်းမဲ့ဇုန်" ဆိုင်းဘုတ်များ ထပ်မံတပ်ဆင်နိုင်ရေး၊ ရန်ကုန်မြို့တွင်းရှိ မီးပွိုင့်များတွင် လျှပ်စစ်မီး ပြတ်တောက်၍ မီးပွိုင့်အချက်ပြ စနစ် ချွတ်ယွင်းမှု မရှိစေရေး၊ အဝေးပြေးကားလမ်းမကြီးများတွင် ယာဉ်တိုက်မှုများ လျော့နည်း ကျဆင်းစေရေး၊ တက္ကသိုလ်/ကောလိပ်များဖွင့်လှစ်ချိန်၌ ကြို/ပို့ယာဉ်များ အခက်အခဲမရှိစေရေး စီမံဆောင်ရွက်ကြရန်၊ သင်္ကြန်ကာလအတွင်း အဝေးပြေးယာဉ်လက်မှတ်များ အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး၊ အဝေးပြေးကုန်တင်ယာဉ်များ စနစ်တကျ ရပ်နားပြီး သတ်မှတ်တန်ချိန်အလိုက် စနစ်တကျ တင်ဆောင်နိုင်ရေး၊ ဌာနဆိုင်ရာများ အနေဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များကို စေတနာထား၍ ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များက ယာဉ်များဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ရွှေမင်းဝံတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ သင်္ကြန်တွင်း(၁၀)ရက် တရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝံတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ဇာနေယျသည် ဧပြီ ၁၂ရက်မှ ၂၁ရက်အထိ မူလကသစ်ပိုင်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးဇာနိဿရ (သဒ္ဓမ္မဇောတိကဓဇ)၊ ဦးနိ (ပါရမီ) တရားပြဆရာကြီးများနှင့် အတူ အလုပ်ပေး ၁၀ရက် တရားစခန်း ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူ ရဟန်းရှင်လူယောဂီများ အနေဖြင့် ရွှေမင်းဝံတောရကမ္မဋ္ဌာန်းကျောင်းတိုက် ဖုန်း-၆၃၈၀၈၇/ ၆၉၉၊ ၁၆၃၊ ၀၉-၅၀၁၁၂၇၉ သို့ ကြိုတင် စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် တရားအားထုတ်လိုသူများသည် မိမိတို့၏ အသုံးအဆောင်များ တစ်ပါတည်း ယူဆောင်လာပြီး ဧပြီ ၁၂ ရက် ညနေ အရောက် လာရောက်ကြရန် နိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၇) ကို ဧပြီ ၅ ရက်က ရန်ကုန်မြောက်ပိုင်း ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလူလူသန်း အဖွင့်အမှာစကားပြောကြားစဉ်။ (၆၁)

ကွန်ပျူတာကျွမ်းကျင်တတ်မြောက်မှုကို စစ်ဆေးပေးသည့် ICDL ကွန်ပျူတာကျွမ်းကျင်မှု လက်မှတ်နှင့် အင်တာနက်မှ တိုက်ရိုက်ဖြေဆိုနိုင်သည့် ICDL On- Line Test များအကြောင်း မိတ်ဆက်ရှင်းလင်းပွဲတွင် စင်ကာပူနိုင်ငံ ICDL Asia Pacific ရုံးချုပ်မှ Business Development Manager, Ms. Tina Wu ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ICDL On- Line Test များအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

ကွန်ပျူတာကျွမ်းကျင်တတ်မြောက်မှုကို စစ်ဆေးပေးသည့် ICDL ကွန်ပျူတာကျွမ်းကျင်မှုလက်မှတ်နှင့် အင်တာနက်မှ တိုက်ရိုက်ဖြေဆိုနိုင်သည့် ICDL On- Line Test များအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Ocean Gate Training Centreမှ ဒုတိယဥက္ကဋ္ဌ ဒေါ်မေဖြူ သွယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူနိုင်ငံ ICDL Asia Pacific ရုံးချုပ်မှ Business Development Manager, Ms.Tina Wu က ICDL ဘာသာရပ်များ၊ စာမေးပွဲစနစ်များ၊ အပြည်ပြည်ဆိုင်ရာက ICDL ကို လက်ခံအသိအမှတ်ပြုထားသည်များနှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ အကြောင်းကို အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

ထို့နောက် Ocean Gate Training Centreမှ Chief Operating Officerဦးသိန်းစိုးက မြန်မာနိုင်ငံတွင် ICDL စတင်လုပ်ကိုင်ခဲ့ပုံ၊ Ocean Gate အနေဖြင့် ပံ့ပိုးပေးနိုင်မှုများ၊ မြန်မာနိုင်ငံသားများနှင့် မြန်မာ့လူမှုအသိုင်းအဝိုင်းအတွက် ရရှိနိုင်မည့် အကျိုးတရားများနှင့် ရှေ့ဆက်လက်တိုးချဲ့ လုပ်ဆောင်သွားမည်များကို ဆွေးနွေးပြောကြားသည်။

ICDLသည် နိုင်ငံပေါင်း ၁၅၀ကျော်တွင် ကွန်ပျူတာ ကျွမ်းကျင်မှုဆိုင်ရာ စံနှုန်း (Standard)တစ်ခုအဖြစ် အများက လက်ခံအတည်ပြုထားသောလက်မှတ်တစ်ခု ဖြစ်သည်။ ယနေ့အင်တာနက်နှင့် သတင်းအချက်အလက်ခေတ်တွင် လုပ်ငန်းများ တိုးတက်မြန်ဆန်အောင် ဆောင်ရွက်ရာ၌ ကွန်ပျူတာကျွမ်းကျင်မှု၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါလျက်ရှိသည်။

ကွန်ပျူတာကို မည်မျှ အသုံးပြုတတ်သည်၊ အသုံးပြုနိုင်မှုအဆင့် မည်မျှရှိသည်ကို သက်သေပြမည့် စံနှုန်းတစ်ခု ရှိရန်လိုအပ်သဖြင့် ထိုစံနှုန်းများကို သတ်မှတ်ဖြည့်ဆည်းနိုင်သည့် ICDL ကို Ocean Gate အနေဖြင့် မြန်မာတို့၏ ဒီဂျစ်တယ်ပညာရေး အဆင့်မြင့်မားလာရန်ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် ICDL အသိအမှတ်ပြု စာမေးပွဲစင်တာဖြစ်သော Ocean Gate Training Centre အမှတ် ၃၅၅၊ အခန်း ၂၀၆ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၃၈၀၁၃၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မီးလောင်မှုများ ဖြစ်ပွား

ရန်ကုန် ဧပြီ ၉

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ ဧပြီ ၅ရက်တွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ ဧပြီ ၅ရက်တွင်မီးလောင်မှုဖြစ်ပွားရာ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ မိတ္တူဆိုင် တစ်ဆိုင်၌ ဧပြီ ၆ရက်တွင်မီးလောင်မှု ဖြစ်ပွားရာ မိတ္တူကူးစက် နှစ်လုံး၊ ကွန်ပျူတာ တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင်
မလောင်ခင်တား

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၅ ၇။ ခါသင်္ကြန်အဆိုအကများ
၅:၂၅ ၈။ ပညာခေတ်
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၃၀ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ ခါသင်္ကြန်အဆိုအကများ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၅)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မွေးမြူသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ဝေဟင်ချစ်သူ" (အပိုင်း-၁၇)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့ ဝိပဿနာစေတီတော်ကြီးအတွက် အဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့အနီးတွင် တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် အဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာ ရိပ်သာ ဓမ္မခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ကမာရွတ်မြို့နယ် ရွှေယင်းမာလမ်း ရွှေပိတောက်ရိပ်မွန်နေ ဦးသိန်းချို မိသားစုနှင့် ဗဟန်းမြို့နယ် ဝဏ်ပါလမ်းနေ ဦးမင်းဒင်ကို ရည်စူး၍ ဒေါ်မြမြရီ မိသားစုတို့က ငွေကျပ် ၁၀သိန်းစီ၊ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာနေ ဦးရွှေလင်း-ဒေါ်နွယ်လင်း မိသားစု၊ ရန်ကင်းမြို့နယ် ပန်းခြံအိမ်ရာနေ ကွယ်လွန်သူ ဖခင်ကြီး ဦးခင်မောင်ကို အားရည်စူး၍ မိခင်ကြီး ဒေါ်စိန်မြိုင်နှင့် သားသမီး မြေးတစ်စု၊ သန်လျင်မြို့နယ် ရုံးတော်ရပ်ကွက်နေ ဦးတင်-ဒေါ်အေး သားသမီးမြေးတစ်စုတို့က ငွေကျပ် ရှစ်သိန်းစီ၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန်း(ခ) ဒေါ်အတ်ချားမားအား ရည်စူး၍ ကျန်ရစ်သူ မိသားစုနှင့် သားသမီးမြေးမြစ် (ဒေါ်တင်လှ ဓာတ်ခွဲခန်းကျွမ်းကျင်သင်တန်း)တို့က ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ ရတနာပစ္စည်း ၁၁မျိုး၊ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ ဦးခင်မောင်မြင့်မိသားစုက အက်ဖ်အီးစီ ၁၀၀၊ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးအေးဖေအား ရည်စူး၍ ဇနီး ဒေါ်စန်းရီသားသမီး မိသားစုက ဒေါ်လာ ၅၀၀၊ ရန်ကင်းမြို့နယ်နေ ဦးသိန်းကျော်-ဒေါ်မြမြဝင်း၊ ကိုမြင့်ဆွေ-မတင်ဇာနီကျော်၊ ကိုအောင်မျိုးကျော်မိသားစုတို့က ဒေါ်လာ ၂၀၀ နှင့် ငွေကျပ် ၂၅၀၀၀၀၊ လမ်းမတော်မြို့နယ် လှည်းတန်းလမ်းနေ ဦးသန်းအောင်-ဒေါ်စန္ဒာလင်း မိသားစု၊ ရေနံချောင်းမြို့ မကျီးလေးပင်ရပ်နေ လေယာဉ်ပျံတံဆိပ် ဒေါ်လှရှင် ဆေးလိပ်ခုံပိုင်ရှင် ဒေါ်သန်းညွန့် အသက်(၈၀)ပြည့် မွေးနေ့အလှူ၊ လှိုင်မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးမြလွင် (ငြိမ်း)-ဇနီး ဒေါ်ခင်ဌေး မိသားစု၊ သုံးခွမြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်း အလှူအပါအဝင် ငွေကျပ် ငါးသိန်းစီ၊ တာမွေမြို့နယ် ကျောက်မြောင်း ဗဟိုလမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော အငြိမ်းစား အမြတ်ခွန်ဝန်ထောက် ဦးလှဒင်-ဒေါ်ခင်သိန်းတိုးအား ရည်စူး၍ သမီး ဒေါ်ခင်ခင်စုက တန်ဖိုး ၄၅၀၀၀၀ရှိ ရွှေဒင်္ဂါးပြား နှစ်ပြား၊ လသာမြို့နယ် (၂၄)လမ်းနေ ဦးကျွဲရ-ဒေါ်ဟုန်မြင့်တို့ကို ရည်စူး၍ သမီး ဒေါ်မြမြဝင်းက တန်ဖိုး ၄၅၄၃၇၅ရှိ ရတနာပစ္စည်းများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)က ငွေကျပ် ၄၈၉၈၀၊ သုဝဏ္ဏမြို့နေ မိခင်ကြီးဒေါ်သန်းတင်၏ (၈၅)နှစ်မြောက် မွေးနေ့အကြို အလှူ အဖြစ် မိခင်ကြီးနှင့် သားသမီးမြေး မိသားစုက ငွေကျပ် ၃၅၀၀၀၀ အပါအဝင် အလှူရှင်အသီးသီးက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ ဓမ္မဇောတိဝိပဿနာ ရိပ်သာဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးဥဂ္ဂါနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ အကြံပေးနာယက ဗန္ဓုလဦးရွှေက အလှူရှင်များကိုယ်စား စုစုပေါင်းလှူဒါန်းငွေကျပ် ၂၅၇၁၆၇၄၅၊ ငွေကျပ် ၂၆၆၄၃၇၅ တန်ဖိုးရှိ ရတနာပစ္စည်းများ၊ ဒေါ်လာ၂၄၂၀ ၊အက်ဖ်အီးစီ ၂၃၀ နှင့် ရူပီး ၁၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာမြင့်ကြည် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့ အနီးတွင် တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် အဌမအကြိမ် အလှူတော်ငွေပေးအပ် ပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေ များကို လက်ခံစဉ်။

(သတင်းစဉ်)

မုံလယ်တောရဓမ္မရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

ပဲခူး (၁၀)မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရဓမ္မရိပ်သာ ခုနစ်ရက် တရားစခန်းကို တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ကဆုန်လဆန်း ၅ ရက် (ဧပြီ ၁၂ရက်မှ ၂၀ရက်) အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ(မုံလယ် ဆရာတော်ကြီး)ကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၂ ရက် ညနေအရောက် အိပ်ရာလိပ်ယူဆောင်၍ ကြွရောက်ပါရန် နှိုးဆော်ထားသည်။

(က-ပ)

တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ လူနာများအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဧပြီ ၉

အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသော ကလေးလူနာများ အသုံးပြုရန်အတွက် ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ပြည်လှဖေနှင့် ဒေါ်ခင်ခင်ကြီးအား အမှူးထား၍ အင်္ဂလန်နိုင်ငံ ကလေးရောဂါအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ တင်မောင်လှနှင့် ရန်ကုန်မြို့နေ ညီအစ်ကို မောင်နှမမိသားစုများက ဆေးရုံသုံး ပစ္စည်းကိရိယာများကို ဧပြီ ၃ရက် နံနက်ပိုင်းတွင် အမှတ်(၁)တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)သို့ လာရောက်လှူဒါန်းရာ ပါမောက္ခဗိုလ်မှူးကြီးကျော်ညွန့်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၌ ဆေးရုံတက်ရောက် ကုသလျက်ရှိသော ကလေးလူနာများ အသုံးပြုရန်အတွက် ဆေးရုံသုံးပစ္စည်း ကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ UNICEF, Care Myanmar, မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အင်းစိန်မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းနှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေတို့က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေး ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်သန္တာဆွေက လူသို့ကူးစက်နိုင်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမေဝင်းရွှေနှင့် အဖွဲ့နှင့် UNICEF မှ ဆက်သွယ်ရေးအရာရှိ ဒေါ်အေးအေးသန်းတို့က ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောဆွေးနွေးကြသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲများကို ရန်ကုန်တိုင်းအတွင်းရှိ အင်းစိန်၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ မှော်ဘီ၊ လှည်းကူး၊ မြောက်ဥက္ကလာပ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ သန်လျင်မြို့နယ်များ၌ ဧပြီ ၁၂ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄) အမှတ်(၉) ဖြန့်ချီ

ရန်ကုန် ဧပြီ ၉

တစ်လလျှင်နှစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ (၄) အမှတ်(၉)ကို သတင်းမြင်ကွင်း အစုံအလင်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းဂျာနယ်တွင် လယ်ဝေးမြို့နယ် မင်းပြင်ရွာမှ နွားမွေးမြူရေးလုပ်ငန်းများ၊ တာတရိတာ လင်းနို့များ ရန်ကုန်တွင် ကောင်းရေသန်းချီရှိနေ၊ လမ်းဘေး ပလက်ဖောင်းများခင်းရာတွင် ဘိလပ်မြေအစားထိုး မီးတောင်ချော်မှုန့် အသုံးပြုရန်လေ့လာ၊ မြန်မာနှစ်ဆန်း ဇီဝိတဒါန ငါးလွှတ်ပွဲအတွက် ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များ ရောင်းချပေးမည်၊ မြန်မာ့ငါးများ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့မှု၊ ပခုက္ကူဈေးမီးလောင်မှုအတွက် မြန်မာ့အာမခံလုပ်ငန်းက အာမခံလျော်ကြေးငွေ အမ်းရန်ဆောင်ရွက်နေ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ကမ္ဘာ့ဈေးကွက် ထိုးဖောက်နိုင်ရေးဆောင်ရွက်နေ၊ မတ်ပဲနှင့် ပဲတီစိမ်းဈေးနှုန်းများ လေးနှစ်အတွင်း နှစ်ဆကျော်တိုးတက်ခဲ့ စသည့် ပြည်တွင်းသတင်း အစုံအလင်များအပြင် လှုပ်လှုပ်ရှားရှားအနုပညာသတင်းများ၊ နိုင်ငံတကာသတင်းပဒေသာ၊ ဇွဲမောင် (ဝဲလောင်)၏ ရှားပင်အကြောင်းသိကောင်းစရာ၊ ဘုန်းမြင့်ဆွေ၏ စားအုန်းဆီ ထုတ်လုပ်သည့် ဆီအုန်းပင်၊ မေသန္တာဝင်း၏ စိုက်တတ်လျှင် အကျိုးများ၊ မစိုက်တတ်လျှင်အပြစ်ဖြစ်သည့် ဂမုန်းပင်များ၊ အောင်ခန့် (ဒါးပိန်)၏ ရွေးချယ်ရမည့်လမ်း၊ ခင်မောင်လင်း၏ ကျေးလက်နှင့် မရှိမဖြစ် ဘိုင်အိုဒီဇယ်၊ ဖိုးထွေး (စိုက်ပျိုးရေး)၏ ရွှေ့လျားပြောင်းလဲနေသော ရာသီဥတုအတွင်း စိုက်ပျိုးခြင်း၊ ဖိုးရွှေကြူး၏ A. Okay အသုံးအနှုန်း ဘယ်ကစ စသည့် ဆောင်းပါးများစွာကို ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ (မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်ကြောင်း၊ စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် အလက(၂)ဗဟန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၉

ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံ ပညာအလယ်တန်းကျောင်း၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် (၁၉၄၇-၂၀၀၇)နှင့် အာစရိယပူဇော်ပွဲကို ဧပြီ ၂၁ရက်(စနေနေ့) နံနက် ၉နာရီ၌ အထက်ပါ ကျောင်းခန်းမတွင်ပြုလုပ်မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ ဟောင်းအားလုံး ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးရန်အောင်မိုး ဖုန်း-၅၄၀၂၇၇၊ ဒေါ်ခွန်သဲစု ဖုန်း-၅၅၆၃၇၆၊ ဒေါ်ချောကေခိုင် ဖုန်း-၅၅၆၆၇၁၊ ဦးဖြိုးဝေစင် ဖုန်း-၅၅၅၈၄၈၊ ဒေါ်ငုဝါကျော် ဖုန်း-၅၄၉၀၄၁နှင့် ဒေါ်ချမ်းမြရွှေခြူ ဖုန်း-၅၄၃၈၉၉တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစား မဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်း မပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

သင်္ကြန်ကာလအတွင်း အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းများမပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်း မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် အသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုကို ရေဝတီရေတပ်စခန်းဌာနချုပ်အသင်းက ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ရေဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

LOLANE BEAUTY SOLUTION CENTRE ဖွင့်ပွဲ အခမ်းအနား ကျင်းပ

Grand Wynn Enterprises Ltd. ၏ LOLANE BEAUTY SOLUTION CENTRE ဖွင့်ပွဲနှင့် အသစ်ထပ်မံ ထုတ်လုပ်လိုက် သည့် Rebonding Gel အလှကုန် ပစ္စည်းအသစ်မိတ်ဆက်ပွဲ အခမ်းအနားကို တာဝန်ရှိသူများ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၉

Grand Wynn Enterprises Ltd.၏ LOLANE Beauty Solution Cencer ဖွင့်ပွဲနှင့် အသစ်ထပ်မံ ထုတ်လုပ်လိုက်သည့် Rebonding Gel အလှကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် ညနေ ၃နာရီတွင် Waiza - yantar Shopping Mall ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ LOLANE အလှကုန်ပစ္စည်းများကို တစိုက်မတ်မတ် အားပေးသုံးစွဲကြသည့် လိုလိန်းချစ်သူများ၊ အရောင်းကိုယ်စားလှယ်ကြီးများ၊ အနုပညာရှင်များ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် Grand Wynn Group of Companies ဥက္ကဋ္ဌ ဦးလှဝင်း (Managing Director, Grand Wynn Enterprises Ltd.)၊ ထိုင်းနိုင်ငံမှ Mr. Seri Somboomsakdiful (Chairman, S.C.Artistry Co., Ltd., Thailand) နှင့် Mr. Wichai Tongthampron (Managing Director, S. C. Artistry Co., Ltd., Thailand) တို့က LOLANE Beauty Solution Centre ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး Lolane Hair & Skin Care မှ Technician များက အလှကုန်ပစ္စည်းသစ် Rebonding Gel သုံးစွဲပုံနည်းစနစ်နှင့် အကျိုးအာနိသင်အကြောင်းကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ ဖွင့်ပွဲ တက်ရောက်လာသူများအနက်မှ အမျိုးသမီးနှစ်ဦးအား ကံစမ်းမဲနှိုက်၍ လက်တွေ့အခမဲ့ ဆံပင်ဖြောင့်ပေးခြင်းများအပြင် Talent & Model Agency မှ မတင်မိုးလွင်နှင့် Models များနှင့် တွဲဖက်ကာ သင်္ကြန်စတိုင် ဆံပင်ပုံစံဆန်းများ လက်တွေ့ညှပ်ပြခြင်း၊ သရုပ်ပြခြင်း၊ နိုင်ငံတကာအဆင့်မီ အမျိုးသား၊ အမျိုးသမီးသုံး Rico & Rina ရေမွှေးနှင့် Lolane Hair Color Model Show နှင့် Dancer Show များ ဖျော်ဖြေတင်ဆက်သွားပြီး တက်ရောက်လာသူများအား ကံစမ်းမဲ ဖောက်ပေးခြင်း၊ ဖွင့်ပွဲအမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းများအပြင် အထူးအစီအစဉ်အဖြစ် ဖွင့်ပွဲနေ့ LOLANE Beauty Solution Centre ၌ ငွေကျပ် ၇၅၀၀ဖိုး ဝယ်ယူသူတိုင်းအား တစ်လအတွင်း အခမဲ့ မျက်နှာပေါင်းတင်ပေးသွားမည်ဖြစ်သည်။

Lolane Hair & Skin Care နှင့် Rico & Rina နိုင်ငံတကာအဆင့်မီ အမျိုးသား၊ အမျိုးသမီးသုံး ရေမွှေးများကို ကိုယ်စားလှယ်ရယူလိုပါက ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် Grand Wynn Enterprises Ltd. အမှတ်(၄၀)၊ (၆၇)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၂၉၄၀၄၅၊ ၂၉၀၁၇၀ နှင့် ၂၉၁၃၁၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၂၂) ထွက်ပြီ

ရန်ကုန် ဧပြီ ၉

ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၂၂)ကို ယနေ့ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ အဆိုပါဂျာနယ်တွင် ချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညို၊ ဒေါက်တာသက်လွင်၊ ခင်ပန်နှင်း၊ ရှင်စိုးမိုးနှင့် ကျော်ငွေး(ဘီအေစီ)တို့၏ ဆောင်းပါးများအပြင် မြန်မာ့ကျောက်မျက် သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ရေး ကြပ်မတ်ဆောင်ရွက်၊ လှိုင်သာယာအသုတ် (ရေကြည်) 230 KV ရေဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း၊ မြန်မာ့အိုင်စီတီလောက တစ်ဆင့်လှမ်း၊ လက်ရှိ PAC ၁၃၄ ခုအပြင် နောက်ထပ် ၂၀၀ ကျော် ထပ်မံဖွင့်လှစ်ဦးမည်၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များတွင် အဆင်ပြေရန်စီစဉ်၊ ပါကစ္စတန်ကုန်စည်ပြပွဲ မြန်မာလုပ်ငန်းရှင်များ တက်ရောက်၊ အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးအပေါ် တရုတ်နိုင်ငံမှ ဝေဖန်ပြောကြား၊ အမေရိကန်ဒုံးကျည်ကာကွယ်ရေးအစီအစဉ်ကို ဂျာမနီက သတိပေး၊ မစ္စစ်ကလင်တန်နှင့် အိုဘားမား လူမည်းများကို မဲဆွယ်နေပြီ စသည့် ပြည်တွင်း၊ ပြည်ပ သတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာ ပါရှိသည်။

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ (မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ (၄၆)လမ်းမောင်မှူ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များ ဖြစ်ကြောင်း၊ စာမူများ ပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ်၊ ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈)၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်တာနက် အားကစား သတင်းများ

ဝပ်ဖို့ဒ်အသင်းက ပို့စ်မောက်အသင်းကို အနိုင်ရ

လန်ဒန် ဧပြီ ၉

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာ ဝပ်ဖို့ဒ်အသင်းက ပို့စ်မောက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၁၆မိနစ်တွင် ပို့စ်မောက်အသင်းမှ တေလာက အဖွင့်ဂိုး သွင်းပေးခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် ဘူယစ်ဇာက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဝပ်ဖို့ဒ်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၄၅ မိနစ်တွင် မာဟွန်းကလည်းကောင်း၊ ပွဲချိန် ၅၁ မိနစ်တွင် ပရစ္စကင်ကလည်းကောင်း၊ ပွဲချိန် ၇၃ မိနစ်တွင် ဘူယစ်ဇာကလည်းကောင်း အသီးသီးဂိုးသွင်းနိုင်ခဲ့ပြီး ပွဲချိန် ၈၁ မိနစ်တွင် ပို့စ်မောက်အသင်းမှ အမ်ဘူရမ်ဘာက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ **အင်တာနက်**

ဧပြီ ၉ ရက် ကကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဝပ်ဖို့ဒ်အသင်းမှ ကလပ်ကားလစ်နှင့် ပို့စ်မောက်အသင်းမှ ကာနူးတို့ ဘောလုံးကို အပြိုင်အဆိုင် ခေါင်းတိုက်ကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူအသင်း အခြေအနေကောင်းမည် မန်နေဂျာ ဖာဂူဆန် မျှော်လင့်

လန်ဒန် ဧပြီ ၉

မိမိ၏ အသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ အမှတ်ကွာခြားချက်မှာ သုံးမှတ်သို့ ရောက်သွားပြီ ဖြစ်သော်လည်း မိမိ၏ အသင်းသားများကို မိမိ အပြစ်မဆိုသာကြောင်း၊ မိမိတို့အသင်း ပြန်လည်အခြေအနေကောင်းလာမည်ဟု မျှော်လင့်ကြောင်း၊ မန်ချက်စတာ ယူနိုက်တက်အသင်း မန်နေဂျာ ဆာအဲလက်စ် ဖာဂူဆန်က ယနေ့ပြောကြားသည်။

သုံးမှတ်မျှသာရှိတော့

စနေနေ့က ကျင်းပခဲ့သော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာ ယူနိုက်တက်အသင်းက ပို့စ်မောက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မန်ချက်စတာ ယူနိုက်တက်အသင်း အရှုံးပေါ်ခြင်းဖြင့် ချယ်လ်ဆီးအသင်းနှင့် အမှတ်ကွာဟချက် သုံးမှတ်မျှသာ ရှိတော့သည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ခုနစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့သော မန်ချက်စတာ ယူနိုတ်တက်အသင်းသည် ယခုအခါ ကံဆိုးမိုးမှောင်ကျနေသော်လည်း မိမိတို့ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ ချယ်လ်ဆီးအသင်းသည် စနေနေ့က စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာနက်

ဧပြီ ၈ရက်က ကျင်းပသည့် စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ရီးယဲလ်မဒရစ်အသင်းမှ ရာအူးလ်ဂွန်ဇာလက်(ဝဲ) နှင့် အိုဆာဆူနာအသင်းမှ ဗယ်လ်ဒီတို့ ဘောလုံးယှဉ်လုကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ရီးယဲလ်မဒရစ်အသင်း အနိုင်ရ

မဒရစ် ဧပြီ ၉

တနင်္ဂနွေနေ့က ကျင်းပသော စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ရီးယဲမဒရစ်အသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အမှတ်အများဆုံးရရှိထားသည့် ဘာစီလိုနာအသင်းနှင့် အမှတ်ကွာဟချက် နှစ်မှတ်သာရှိတော့ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

၅၄ မှတ် ရရှိထား

ပွဲချိန် ၂၄ မိနစ်တွင် ရီးယဲလ်မဒရစ်အသင်းမှ တိုက်စစ်မှူး ရာအူးလ်က အဖွင့်ဂိုး သွင်းယူခဲ့ပြီး ဒုတိယပိုင်းနောက်ပိုင်းတွင် ရော်ဘင်ဟိုက ဒုတိယဂိုးသွင်းယူခဲ့သည်။ ရီးယဲလ်မဒရစ်အသင်းသည် သုံးပွဲဆက်တိုက် အနိုင်ရရှိခဲ့ပြီးနောက် ၅၄ မှတ် ရရှိထားပြီဖြစ်သည်။

အင်တာနက်

ပေါလ်စကိုး ပွဲပယ်ခံရသော်လည်း မန်နေဂျာဖာဂူဆန် ကာကွယ်ပြောကြား

လန်ဒန် ဧပြီ ၉

ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် ထုတ်ပယ်ခံခဲ့ရသော ပေါလ်စကိုးအား ပွဲတစ်ပွဲပယ်ရန် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း မန်ချက်စတာ ယူနိုက်တက်အသင်း မန်နေဂျာ ဆာအဲလက်စ် ဖာဂူဆန်က ပေါလ်စကိုးဘက်မှ ကာကွယ်ပြောဆိုလိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲအဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အေအက်စ်ရိုးမားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် အဝါကတ်နှစ်ကြိမ်အပြခံခဲ့ရပြီးနောက် ပေါလ်စကိုး ထုတ်ပယ်ခံခဲ့ရသည်။

အပြစ်တင်ခဲ့

ဖာဂူဆန်သည် ပေါလ်စကိုးအား အပြစ်မတင်ဘဲ အေအက်စ်ရိုးမားအသင်း နောက်တန်းလူ ခရစ္စတီယန် ချီဗူးကိုသာ အပြစ်တင်ခဲ့သည်။

ပြောကြား

ပေါလ်စကိုးသည် အဖျက်ကြမ်းသူမဟုတ်ကြောင်း၊ အင်္ဂလိပ် ဘောလုံးသမားများ၏ ပုံစံအတိုင်းသာလျှင် ကစားခဲ့ပြီး ဘောလုံးဖျက်ထုတ်ပုံ ကြမ်းရမ်းသည်ဟု ယူဆနိုင်ခြင်း မရှိကြောင်း ဖာဂူဆန်က ပြောကြားသည်။

အင်တာနက်

YANKIN RESTAURANT

မှ

– ရန်ကုန်မြို့တွင် မရရှိသေးသည့် အသားကင်နှင့်ပါ တွဲစားနိုင်သည့် BBQ. HOT-POT
– ကွမ်းကျို စားဖိုမှူးကြီး၏ ကွမ်းကျိုအရသာစစ်စစ် DIMSUM
– အရသာထူးကဲလှသည့် စီချွမ်စားဖိုမှူးကြီး၏ ခေတ်သစ်စီချွမ်စတိုင် SEAFOOD ဟင်းလျာများကို သင်္ကြန်ရက်အတွင်း နေ့စဉ် (6:00 AM 2:00 PM) (5:00 PM ➔ 10:00 PM)ထိ ပိတ်ရက်မရှိ ရောင်းချပေးနေပါသည်။

မင်္ဂလာဧည့်ခံပွဲ၊ မွေးနေ့ပွဲများကို လူ ၄၅၀ ဆံ့ ခန်းမတွင် လက်ခံကျင်းပပေးပါသည်။

Ph-578925, 579956

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

လားရှိုးမြို့နေ ဦးမြလွင်(မန်နေဂျာ–ငြိမ်း၊ စိုက်ပျိုးရေးသုတေသန)–ဒေါ်တင်ကြည် (အလယ်တန်းပြ–ငြိမ်း)တို့၏ သားငယ်

ဗိုလ်ထွန်းအေးခိုင် (B.E, Electronics) D.S.T.A

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းနေ ဗိုလ်မှူးတင့်အောင်(ငြိမ်း)(GM-Myanmar World Distribution Co., Ltd.)–ဒေါ်ခက်ခက်စိုးတို့၏ သမီးကြီး

မဝေဝေတင့်အောင် (B.Com) (A1 Alliance Frangaise)

တို့သည် ၉-၄-၂၀၀၇ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ထွန်းအေးခိုင်–မဝေဝေတင့်အောင်

(၅၀)ဂရမ် စက္ကူအလိပ်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း အမှတ်(၃)စက္ကူစက်(ပလိပ်)မှ ထုတ်လုပ်သော (၅၀) ဂရမ် စက္ကူလိပ် တန်(၆၂၀)ကို တင်ဒါဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံအား အမှတ်(၁၆)ဘီ၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၅၄၃၃၆၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်ရက်/အချိန် (၂၄-၄-၂၀၀၇) ၁၂:၀၀နာရီ

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း

အမြန်ရောင်းမည်

မြေ ပေ၆၀ x ပေ၈၀ နှစ်(၆၀)ဂရန်၊ BN–နှစ်ထပ်၊ MBR(1)၊ BR(5)၊ ရေ၊ မီး၊ Ph (ကားဂိုဒေါင်နှစ်ထပ်၊ အိမ်သုံးပါဝါမီတာ၊ ရေ အဝီစိ)၊ ဝန်ထမ်းကြီးရပ်ကွက်၊ ရွှေပြည်သာမြို့။

ရောင်း သိန်း(၂၆၀)၊ Ph:-08150258, 09526242, 249380, 720609

အများသိစေရန်

(၉-၄-၂၀၀၇)ရက်စွဲပါ ကြေးမုံ/မြန်မာ့အလင်းသတင်းစာပါ အသိပေးကြေညာခြင်းနှင့်စပ်လျဉ်းသည့် နောက်ဆက်တွဲ အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရွှေအင်ကြင်းရိပ်မွန်၊ အမှတ်–(P/၂)နေ ဦးဘွန်ဟုတ် [၂/လကန (နိုင်)၀၄၅၃၁၉]၏ ညွှန်ကြားချက်အရ အသိပေးကြေညာသည်မှာ–

(၉-၄-၂၀၀၇)ရက်စွဲပါ သတင်းစာပါ ဦးမောင်မောင်အောင် မန်နေဂျင်းဒါရိုက်တာ Viking Marine Products Trading Co., Ltd. သိစေရန် အသိပေးကြေညာ ထည့်သွင်းခဲ့ပြီးနောက် ယခုအခါ ဦးမောင်မောင်အောင်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘွန်ဟုတ်တို့ နှစ်ဦးနှစ်ဖက် အဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါသောကြောင့် ဖော်ပြပါကြေညာသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဦးဘွန်ဟုတ်နှင့် ဦးမောင်မောင်အောင်တို့သည် မိတ်ဆွေကောင်းများပီသစွာ အတူတကွ ဖြေရှင်းပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးစန်းဝင်း LL.B
ဥပဒေအကျိုးဆောင်
အမှတ်–၁၂၄၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့

မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ် ပညာပေးဟောပြော

ရန်ကုန် ဧပြီ ၉

တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)၏ ညွှန်ကြားမှုအရ တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းနှင့် နတ်မောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါး အန္တရာယ်နှင့် HIV/AIDS ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၈ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်းက အမှာစကားပြောကြားပြီး **(အပေါ်ဝဲပုံ)**အလုပ်အမှုဆောင် အဖွဲ့ဝင်များက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားသို့ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်မြတ်ကျော်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့တို့ တက်ရောက်ကြသည်။ (၀၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ကာကွယ်တားဆီးရေးလုပ်ငန်းခွင် ကွင်းဆင်း ဆွေးနွေးပညာပေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်

ရန်ကုန် ဧပြီ ၉

၁။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှု။** ၂၈-၂-၂၀၀၇ နေ့မှ ၃၀-၃-၂၀၀၇ နေ့အထိ ရန်ကုန်တိုင်းအတွင်း မရမ်းကုန်း၊ လှိုင်သာယာ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မှော်ဘီမြို့နယ် ငါးမြို့နယ်အတွင်း ကြက်ခြံ လေးခြံ၊ ဘဲ၊ ရစ်၊ ငုံး ခြံတစ်ခြံစီ စုစုပေါင်း ခြံခုနစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ဖြစ်ပွားခဲ့ကြောင်း။

၂။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးထိန်းချုပ်ခြင်း။** ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးထိန်းချုပ်ရေး အစီအစဉ်အရ ရောဂါဖြစ်ပွားမှုအပေါ် ရောဂါရှာဖွေစူးစမ်း လေ့လာခြင်း၊ ဆောလျင်စွာ စစ်ဆေးဖော်ထုတ်ခြင်း၊ ဆောလျင်စွာ အသိပေးခြင်း၊ ဆောလျင်စွာ အရေးယူဆောင်ရွက်ခြင်း၊ အထိရောက်ဆုံး ထိန်းချုပ်ခြင်း(Effective Containment)၊ ကန့်သတ်ဇုန်၊ ထိန်းချုပ်ဇုန်များ သတ်မှတ်သုတ်သင်ဖျက်ဆီးခြင်း၊ သယ်ယူရွှေ့ပြောင်းရောင်းချမှု ကန့်သတ်ခြင်းများ စီမံဆောင်ရွက်ခဲ့ကြောင်း။

၃။ **လုပ်ငန်းခွင် ကွင်းဆင်း ဆွေးနွေးပညာပေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်။** ၇-၄-၂၀၀၇ နေ့တွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ UNICEF၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (Care Myanmar)၊ မြန်မာနိုင်ငံ မွေးမြူရေးနှင့်ရေလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ဆေးကုဆရာဝန် ဝန်ထမ်း ၂၇ ဦးတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ရောဂါထပ်မံမဖြစ်ပွားရေး၊ တိရစ္ဆာန်မှ လူသို့ကူးစက်မှုမရှိရေး၊ ဇီဝလုံခြုံရေး၊ ဇီဝအန္တရာယ်ကင်းရှင်းရေး၊ ပြည်သူလူထု ဆက်သွယ်အသိပေးရေး ဦးဆောင်ဆွေးနွေးမှု အလုပ်ရုံသင်တန်းပို့ချဖွင့်လှစ်ခဲ့ကြောင်း။

၄။ **တိရစ္ဆာန်ကျန်းမာရေးပူးပေါင်းဆောင်ရွက်ရေး။** ၉-၄-၂၀၀၇ နေ့မှစ၍ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများနှင့် ကြက်မွေးမြူမှုထူထပ်သော မြို့နယ်များအတွင်း မြို့နယ်အာဏာပိုင်အဖွဲ့အစည်း၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကြက်ငှက်မွေးမြူသူများ၊ ပျို့ပြင်ထုတ်လုပ်ရောင်းချသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ UNICEF၊ CARE Myanmarတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ကာကွယ်တားဆီးရေး လုပ်ငန်းခွင် ကွင်းဆင်းဆွေးနွေးပညာပေးရေး စကားဝိုင်းဆွေးနွေးပွဲများ ဆောင်ရွက်ကြမည်ဖြစ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၂၀၀၇ခုနှစ် ဧပြီလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နှစ်ရက်မှ လေးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေ့အပူချိန်

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်ဖြစ်မြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၇၅စင်တီမီတာ (နှစ်ပေခွဲခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၄၅စင်တီမီတာ (တစ်ပေခွဲခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀စင်တီမီတာ (တစ်ပေခန့်)လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဒါမ္မာဗဟာဒူး၏ Pass Port No-705457 စာအုပ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၅၁၂၈၁၃၁

အများသိစေရန်

ကျွန်မ–မအေးအေးမြင့် S/OKA 090989 နှင့် ဦးကျော်မင်း MGK/048170 တို့သည် စီးပွားရေးအရ လုပ်ငန်းလုပ်ကိုင်ခြင်း၊ လူမှုရေးအရ ကူညီစောင့်ရှောက်ခြင်းတို့မှအပ မည်သည့် အကြောင်းမှ ပတ်သက်ခြင်း မရှိခဲ့ပါ။ နောက်နောင်တွင် ကျွန်မအား လူပုဂ္ဂိုလ်ရေးအရ ထိခိုက်နစ်နာအောင် ပြောဆိုမည်၊ ပြုမူမည်ဆိုပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးမြင့်
(S/OKA 090989)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* **အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။**
* **သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။**
* **အမျိုးဂုဏ်၊ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်၊ ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့ရှိသူ –ထောင်(၁)နှစ်
၂။ ကစားသူ –ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ –ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၉

ဦးရန်နိုင်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ဧပြီ ၄ရက် ညနေ ၃နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)ကို ကိုက်(၁၇၀)အကွာမှ Tour Special(L) ဘောလုံးကို Ping (G.5) IRON-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များ ဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)၊ ကိုခက်၊ ကိုတောက်တို့နှင့် အတူ ကစားလျက်ရှိကြောင်းသိသည်။ (ကြေးမုံ)

မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ လေးနိုင်ငံ ပူးတွဲညှိနှိုင်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေး ဆိုင်ရာ လေးနိုင်ငံ ပူးတွဲညှိနှိုင်းကော်မတီ (JCCCN)၏ ဆဋ္ဌမအကြိမ် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။

ထို့နောက် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ လေးနိုင်ငံ ပူးတွဲညှိနှိုင်းကော်မတီ (JCCCN)၏ ဆဋ္ဌမအကြိမ်အစည်းအဝေး သဘာပတိ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၉

၁၃၆၈ခုနှစ် နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာ များဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ လေးနိုင်ငံ ပူးတွဲညှိနှိုင်းကော်မတီ (JCCCN)၏ ဆဋ္ဌမအကြိမ် အစည်းအဝေးဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ
(၉-၄-၂၀၀၇)

မင်းဘူး
၄၄ ဒီဂရီစင်တီဂရိတ်
(၁၁၁ ဒီဂရီဖာရင်ဟိုက်)

မကွေးနှင့် သာယာဝတီ
၄၃ ဒီဂရီစင်တီဂရိတ်
(၁၀၉ ဒီဂရီဖာရင်ဟိုက်)

အောင်လံ
၄၁ ဒီဂရီစင်တီဂရိတ်
(၁၀၆ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်
၃၉ ဒီဂရီစင်တီဂရိတ်
(၁၀၃ ဒီဂရီဖာရင်ဟိုက်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မိတ္ထီလာခရိုင်အတွင်း ဓာတ်အားခွဲရုံများ စစ်ဆေး

နေပြည်တော် ဧပြီ ၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် တာဝန် ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း မိတ္ထီလာမြို့ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းရုံးဝင်းအတွင်းရှိ ယာဉ်နှင့် စက်အပိုပစ္စည်းများ၊ လိုင်းကြိုးခွေများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာ ဦးသန်းထွန်းက သာစည်ခွဲရုံမှ ဓာတ်အားရရှိမှု အခြေအနေ၊ ဓာတ်အား ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် 5MVA ထရန်စဖော်မာ နှစ်လုံးနှင့် ဖီဒါလေးခုနှင့် ခွဲရုံတည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မိတ္ထီလာခရိုင် လျှပ်စစ် အင်ဂျင်နီယာရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ အမှာ စကားပြောကြားရာတွင် လျှပ်စစ်မီးပြည့်ဝစွာ ပေးဝေနိုင် ရေးမှာ လျှပ်စစ်ဝန်ထမ်းအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ ဓာတ်အားလျော့နည်းပပျောက်မှု နည်းနိုင်သမျှနည်းအောင် တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ် လုပ်ဆောင်သွား ကြရန်နှင့် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာ အလုပ် ကြိုးစားလုပ်ဆောင်သွားကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးအား ခရိုင်အင်ဂျင်နီယာ ဦးသန်း ထွန်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးတင်အောင်တို့က မိတ္ထီလာဓာတ်အားလိုင်း အခြေအနေများအား ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီး က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ကားလမ်းမ မိုင်တိုင်(၃၄၉/၂)ရှိ (၅၀၀)ကေဗွီ ပင်မဓာတ်အား ခွဲရုံ(သပြေဝ) တည်ဆောက်ရေး စီမံကိန်းမြေနေရာကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (မြောက်ပိုင်း) စီမံကိန်းမန်နေဂျာ(၂) ဦးစန်းတင့် က ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စီမံကိန်းအဆောက်အအုံကို သတ်မှတ်ကာလတွင် ပြီးစီးစေရေး အန္တရာယ်ကင်းစွာ ဆောက်လုပ်ပြီးစီးရန်လိုအပ်ကြောင်း မှာကြားပြီး စီမံကိန်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေး သတင်း

သဘာဝဆေးပင်များမှရသော ဓာတ်ပစ္စည်းက ဆီးလမ်းကြောင်းရောဂါကို ကုသရာ၌ အထောက်အကူပြု

မြောက်ကယ်ရိုလိုင်းနား ဧပြီ ၉

ဆီးလမ်းကြောင်းဆိုင်ရာ ဘက်တီးရီးယားပိုးဝင်သောကြောင့်ဖြစ်သည့် ရောဂါ များကို ကုသရာ၌ ထိုရောဂါ၏ ၉၀ ရာခိုင်နှုန်းသော ပိုးများကို သတ်ပေးသည့် နေရာတွင် သမားရိုးကျ ဆေးဖက်ဝင် အပင်၊ အသီး၊ အပွင့်များမှ ရသော ဆေးများ သည်လည်း ပဋိဇီဝဆေးများနှင့် တွဲဖက်၍အသုံးပြုလျှင် ထိရောက်မှုရှိကြောင်း အလားအလာများကို လေ့လာတွေ့ရှိရသည်ဟုဆိုသည်။

ဆီးလမ်းကြောင်းပိုင်းဆိုင်ရာ ဘက်တီးရီးယားပိုးကြောင့်ဖြစ်သော ရောဂါကို ကြွက်ငယ်များနှင့် သုတေသီများက စမ်းသပ်ကြည့်သည်။ ပဋိဇီဝဆေးများပေးသောအခါ ထိုရောဂါသည် ပျောက်သွားသော်လည်း နောက်ပိုင်း သီတင်းပတ်အတန်ကြာလျှင် ပြန်ပေါ်လာတတ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆီလမ်းကြောင်းအင်္ဂါများ၏ နံရံများတွင် ဘက်တီးရီးယားပိုးများ ခိုအောင်းနေနိုင်ပြီး ထိုနေရာများသို့ ပဋိဇီဝဆေးများ မရောက်နိုင် သောကြောင့် ဖြစ်သည်ဟုဆိုသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ●**